မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၃)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ၂၀၀၇ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း

မဒမ် ကျန်တိုင်းကီယမ်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်

နေပြည်တော် ဩဂုတ် ၁၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာမောင်းပြည်နယ် ကာမောင်းမြို့၌ ၁၉၄၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် မွေးဖွားခဲ့သည်။ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်ပြည်သူ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၈၁ ခုနှစ် စက်တင်ဘာလအထိ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးနှင့် ခြေလျင်တပ်ရင်းမှူးအထိ တာဝန်ယူခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ဟိုချီမင်းနိုင်ငံရေးသိပ္ပံ၌ ပညာဆည်းပူးခဲ့ပြီး အဆင့်မြင့်နိုင်ငံရေး လေ့လာမှုဘာသာရပ်ဖြင့် ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာလမှ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလအထိ ကီယမ်ဇန်းပါတီကော်မတီအတွင်းရေးမှူး၊ ကီယမ်ဇန်း စစ်ဘက်ရေးရာ ပါတီကော်မတီအတွင်းရေးမှူးနှင့် အမှတ် (၉) စစ်ဒေသ၏ ပါတီကော်မတီအဖွဲ့ဝင်အထိ ရာထူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ■

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက်စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၄ ရက်)

ဆီးချို၊ သွေးချိုရောဂါ ကြိုတင်သတိပြု ကာကွယ်

ဆီးချို၊ သွေးချိုရောဂါသည် လူသားတို့၏ ကျန်းမာရေးကို အန္တရာယ်ပြုလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုရောဂါအဖွဲ့ကြီးက ၂၀၂၅ခုနှစ်တွင် ရောဂါခံစားရသူများမှာ ကမ္ဘာ့လူဦးရေ၏ ဖဒသမ ၃ရာခိုင်နှုန်း ရှိလာမည်ဟု ခန့်မှန်းထားသည်။

ဆီးချို၊ သွေးချိုရောဂါသည် လူကြီးများတွင်သာမက လူငယ်များ၌ပါ ဖြစ်ပွားလေ့ရှိသည်။ ရောဂါစတင်ဖြစ်ပွားသည့် အသက်အရွယ် ပို၍ငယ်လေလေ နှလုံးရောဂါနှင့် မျက်စိအမြင်ကွယ်ခြင်းစသည့် နောက်ဆက်တွဲ ဆင့်ပွားရောဂါများ ပို၍များလာလေလေ ဖြစ်သည်။

ဆီးချို၊ သွေးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်သည်။ ရောဂါဖြစ်လျှင်လည်း ထိရောက်စွာ ကုသဆောင်ရွက်ခြင်းဖြင့် ရောဂါတိုးမလာအောင် ထိန်းထားနိုင်သည်။ ရောဂါဖြစ်ပွားမှု ထိန်းသိမ်းရာတွင် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော အစာအာဟာရများစားသုံးခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုများ ပြုလုပ်ခြင်းသည် အရေးပါလှပေသည်။ လိုအပ်သော ကိုယ်အလေးချိန် ထိန်းသိမ်းထားရန်နှင့် ဟင်းသီးဟင်းရွက်များ၊ အဆီဓာတ်ပါဝင်မှုနည်းသော အစားအစာများနှင့် ကစီဓာတ်နည်းသော အစားအစာများကို စားသုံးသင့်သည်။

အဝလွန်ကဲခြင်းရောဂါနှင့် ဆီးချို၊ သွေးချိုဖြစ်ပွားမှု ဆက်နွယ်နေခြင်းကို ပြည်သူများအတွင်း ရောဂါဖြစ်ပွားမှုနှုန်းထား စောင့်ကြည့်သည့် စနစ်ထူထောင်ပြီး အစားအသောက်များ စနစ်တကျ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး မြို့နယ်အသင်းများ ပြည်သူများနှင့် လက်တွဲဖော်ဆောင်

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်နှင့် အင်းစိန်မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် ညီလာခံကြီးနှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။(အပေါ်ပုံ)

ဆက်လက်၍ ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးဗိုလ်စောနှင့် အင်းစိန်မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်တို့က အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များအောင်မြင်စေရေး ဆောင်ရွက်ဖော်ဆောင်နေမှု အခြေအနေများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးခင်မောင်မြင့်က မှာကြားရာတွင် မြို့နယ်အသင်းများ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် အသင်းရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရေးအတွက် ပြည်သူများနှင့် လက်တွဲဖော်ဆောင်သွားကြရန်မှာကြားပြီး အသင်းဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဦးခင်မောင်မြင့်က ကမာရွတ်မြို့နယ်နှင့် အင်းစိန်မြို့နယ် အသင်းများအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်ငါးသိန်းစီကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးခင်မောင်မြင့်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းမကြီးရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၁၄–၈–၂၀၀၇

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ပညာခေတ်
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း–၂၁)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၁၅)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နန်းချို ရေအားလျှပ်စစ် စီမံကိန်း ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ပျဉ်းမနား၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်းချိုချောင်းပေါ်တွင် အမှတ်(၁)တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော နန်းချိုရေအားလျှပ်စစ် စီမံကိန်းသို့ ဩဂုတ်၁၂ရက် နံနက်ပိုင်းက ရောက်ရှိသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းခေတ္တညွှန်ကြားရေးမှူးဦးတင်အေးက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဆွေးနွေးမှာကြားသည်။ ယင်းနောက် စီမံကိန်းညွှန်ကြားရေးမှူးနှင့် စီမံကိန်းမှ လုပ်ငန်းအလိုက် တာဝန်ခံ အင်ဂျင်နီယာများအား ဝန်ကြီးကမိမိတို့တာဝန်ယူဆောင်ရွက်ရသောလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြရေး၊ ပစ္စည်းများ၊ယန္တရားများ၊ လူအင်အားနှင့် ဆောင်ရွက်ရသော လုပ်ငန်းများမှန်သမျှ တာဝန်များကို ခွဲဝေလုပ်ကိုင်ကြရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းထားရှိရေး၊ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးကြပ်မတ်စစ်ဆေးရေး၊စံချိန်စံညွှန်း ပြည့်မီရေး၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ စီမံကိန်း၏ လက်ဝဲဘက်ကမ်းမှနေ၍ လက်ယာဘက်ကမ်းတွင် တမံအောက်ခြေ မြေကြီးကျောက်သားတူးဖော်ပြီးစီးမှုအခြေအနေ၊ စီမံကိန်းတွင် အသုံးပြုသည့် ကျောက်များခွဲစိတ်သည့် ကျောက်ခွဲစက် တပ်ဆင်ပြီးစီးမှု၊ နန်းချိုချောင်း၏ ရေစီးရေလာအခြေအနေ၊ Intake(အဝင်)ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း၊ စလူချောင်းယာဘက်ကမ်းတွင် ရေသွယ်ဥမင်လိုဏ်(အထွက်) တူးဖော်ခြင်းလုပ်ငန်း၊ စလူချောင်း ရေသွယ်ဥမင်ရေတံလျှောက်(Aqure Duct)အုလမ်းကြောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် လျာထားနေရာစသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

နန်းချိုရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၂၀ရှိ ဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ **(သတင်းစဉ်)**

အမှတ် ၃၁ အခန်း–၂(စီ) ၅၃လမ်း ပုဇွန်တောင်မြို့နယ်နေ ဦးသိန်းဟံ (တရားရုံးချုပ်ရှေ့နေ)နှင့် ဇနီးဒေါ်သန်းနွဲ့တို့အား ရည်စူး၍ တူ၊ တူမ၊ မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။

(က–ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလှည့်ကျသဘာပတိ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစု အဖွဲ့မှ ဒေါက်တာမနန်တူးဂျာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ၁၉၉၅ခုနှစ် ဇန်နဝါရီလမှ ၁၉၉၆ခုနှစ် မေလအထိ ပြည်သူ့လုံခြုံရေးဌာန ဒုတိယဝန်ကြီးတာဝန်နှင့် ဗဟိုပြည်သူ့လုံခြုံရေးပါတီကော်မရှင် အဖွဲ့ဝင်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ခုနှစ် ဇွန်လမှ ၁၉၉၇ခု နှစ် ဩဂုတ်လအထိ ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီ၏စီးပွားရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့်ပါတီဘဏ္ဍာရေး တာဝန်ခံအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ၁၉၉၇ခုနှစ် စက်တင်ဘာလမှ ၂၀၀၆ခုနှစ် ဇွန်လအထိ ဗီယက်နမ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗီယက်နမ်အစိုးရပါတီရေးရာကော်မတီ၏ လက်ထောက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံအမြဲတမ်း ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် နိုင်ငံတော်ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒကောင်စီ ဥက္ကဋ္ဌအဖြစ် ၁၉၉၈ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌတာဝန်နှင့် ဗဟိုဘဏ်၏ ပါတီရေးရာကော်မတီအတွင်းရေးမှူးတာဝန်များကို ၂၀၀၆ခုနှစ် ဇွန်လအထိ ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ပါတီဗဟိုကော်မတီဝင်အဖြစ် ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမနှင့် ဒသမအကြိမ် အမျိုးသားပါတီ ကွန်ဂရက်များတွင် ပါဝင်တက်ရောက်ခဲ့ပြီး ပေါ်လစ်ဗျူရို အဖွဲ့ဝင်အဖြစ် အဋ္ဌမ၊ နဝမနှင့် ဒသမအကြိမ်အမျိုးသားလွှတ်တော်များတွင် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒသမနှင့် ဧကာဒသမအကြိမ် အမျိုးသားလွှတ်တော်များတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ၂၀၀၆ခုနှစ် ဇွန်လမှစတင်ကာ ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် မဒမ်ကျန်တိုင်းကီယမ်နှင့် အိမ်ထောင်ပြုခဲ့သည်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေး မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက်၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စု ခန်းမနှင့်ကိုယ်စားလှယ်များနားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့်နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးတင်ခတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ်၁၀၄၅ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၅၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိအခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာက အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သောတိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးထွန်းရီက ဖတ်ကြားတင်ပြသည်။

(တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများ နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးအောင်ခင်က ဖတ်ကြား တင်ပြသည်။

(ပြည်ထောင်စုပအိုဝ်း အမျိုးသား အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မူများနှင့် အသေးစိတ် အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူ များ၊ အသေးစိတ် အခြေခံရမည့်မူများ နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင် သော ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ် ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း ကို ဦးခေါင်ဒိုင်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နား သည်။

(ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ် ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့်အခြေခံရမည့်မူများနှင့် အသေး စိတ်အခြေခံရမည့်မူများအနက်ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံ ရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစု အဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဦးစိန်ထွန်း က ဖတ်ကြားတင်ပြသည်။

[မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေး အဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်း ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ အမျိုးသားညီလာခံ က ချမှတ်ထားပြီးဖြစ်သည့် အခြေခံ ရမည့်မူများနှင့် အသေးစိတ် အခြေခံ ရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍နိုင်ငံရေးပါတီများမှကိုယ်စား လှယ်များ အစုအဖွဲ့တွင် ပါဝင်သော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း ကို ဦးကျာရှီးက ဖတ်ကြားတင်ပြသည်။

(လားဟူ အမျိုးသား ဖွံ့ဖြိုးတိုး တက်ရေးပါတီ၏ ဆွေးနွေးအကြံပြု ချက် စာတမ်းကို ဆက်လက်ဖော်ပြ သွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရ မည့်မူများနှင့် အသေးစိတ် အခြေခံ ရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူ များ၊ အသေးစိတ်အခြေခံရမည့်မူများ နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင် သော ပြည်ထောင်စုကရင်အမျိုးသား များအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးစောစံရွှေက ဖတ်ကြား တင်ပြပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

(ပြည်ထောင်စု ကရင်အမျိုးသား များအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဆက်လက် ဖော်ပြသွား ပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ခွဲတွင် ပြန်လည်ကျင်းပရာ အမျိုးသား ညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံ ရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြု ချက်စာတမ်းကို ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြသည်။

(ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ် ရေးပါတီ၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဆက်လက် ဖော်ပြသွား ပါမည်။)

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့် မူများ၊ အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များ အစုအဖွဲ့ တွင် ပါဝင်သော ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဦးညီပလုပ်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

(‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း ကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို၂၀၀၇ခုနှစ် ဩဂုတ်၁၄ရက် (အင်္ဂါနေ့)နံနက်၉နာရီတွင်ပြည်ထောင်စု ခန်းမ၌ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် Responsibilities of Management and Auditors on Financial Statements ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဩဂုတ်၁၈ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ၆မိုင်ခွဲရှိ IBC Centre, Conference hall ၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၃

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဩဂုတ်၁၅ရက် နောက်ဆုံးထားစာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်သော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးထွန်းရီဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ပြောကြားခဲ့ပါတယ်။ ယင်းသို့ ပြောကြားချက်အရ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ဤစာတမ်းကို တင်ပြခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဖြစ်စေ ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများနှင့် အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခြေအနေနဲ့ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်သေးတာကို အခွင့်ကောင်းယူပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက်မဖြစ်စေရန်ရည်ရွယ်ပြီး အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက် အပိုဒ်(၃)ပါ **"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"** ဆိုတဲ့ စကားရပ်နှင့် ဆက်၍ **"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"** ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"**အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် **"ဤအခန်းပါ နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"** လို့ဖော်ပြခဲ့ပါတယ်။ အဲဒီအသေးစိတ် အခြေခံရမယ့်မူမှာပါရှိတဲ့ ဖော်ပြချက်အရဆိုရင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းရှိ နိုင်ငံတော်ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁)ဖြစ်တဲ့ နိုင်ငံတော် အခြေခံမူများအခန်းတွင်လည်း **"နိုင်ငံတော်"**ဆိုတဲ့ စကားရပ်များ အများအပြား ပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခန်းမှာ ဖော်ပြထားတဲ့ နိုင်ငံတော်ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင်သတ်မှတ်ပြီး ဖြစ်စေဖို့ ဖော်ပြပါ အပိုဒ် ၅၀ တွင် ထပ်မံဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။ ဒါ့အပြင် အဲဒီအပိုဒ်မှာ အဖွဲ့အစည်းဆိုတဲ့ စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာ တွေ့ရပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးကြတာလည်း ရှိနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးရှိလာရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာ ပေါ်ပေါက်လာနိုင်ပါတယ်။ အသေးစိတ် အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ဖော်ပြလိုက်ခြင်းအားဖြင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ရှိလာမယ်မဟုတ်ကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းတင်ပြချက် အပိုဒ် ၅၀ ကို–

> **"ဤအခန်းနှင့် အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းပါ "နိုင်ငံတော်" ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာ ကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"** လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ ချမှတ်ရန်သင့်လျော်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန် လည်းကောင်း တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်းများနှင့် စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)တွင်လည်း အနည်းဆုံး ဟူသောစကားရပ်ကို ဖြည့်စွက်၍ **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဖတ်ကြား

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးထွန်းရီ ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**ဟု ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဖော်ပြချက်အရ အနာဂတ်ကာလ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ကြောင်း လေးနက်ပေါ်လွင်စေတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ ရှေ့နောက်စကားရပ် ညီညွတ်စေဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့အပိုဒ်(လ)တို့ရှိ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဆိုတဲ့ စကားရပ်အစား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီးတရားလွှတ်တော်၊ပြည်နယ် တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"**ဆိုတဲ့စကားရပ်နဲ့တူညီမှုမရှိဘဲ ကွဲပြားစွာ ပေါ်လွင်စေရန် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ရှေ့နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်းမရှိစေရန် လည်းကောင်း၊ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)(၂)(၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ပြင်ဆင်ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့မူလရည်ရွယ်ချက်အနှစ်သာရ အတိုင်း ပေါ်လွင်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် လည်းကောင်း **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဟူသော စကားရပ်အစား အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်ဟူ၍ ပြင်ဆင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဇ)ကို **"နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နဲ့ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန် လိုအပ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

> **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–**
>
> **(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
>
> **(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်" ဟု လည်းကောင်း**
>
> **အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–**
>
> **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–**
>
> **(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
>
> **(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

> **"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–**
>
> **(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**
>
> **(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

လူဦးရေကိုအခြေခံ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက တိုင်းဒေသကြီးများက (၂၃၇)ဦးကို ရွေးကောက်တင်မြှောက်နိုင်ပြီး ပြည်နယ်များက (၉၃)ဦးကို ရွေးချယ်တင်မြှောက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် သတ်မှတ်ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင် သည်။

လူဦးရေအရသော်လည်းကောင်း၊ မြို့နယ်အရသော်လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက တိုင်းဒေသကြီးများက(၂၀၆)ဦးကို ရွေးကောက်တင်မြှောက်နိုင်ပြီး ပြည်နယ်များက (၁၂၄)ဦးကို ရွေးကောက်တင်မြှောက်နိုင်မှာဖြစ်တဲ့အတွက် ပြည်နယ်များက (၃၁)ဦး ပိုမို ရွေးကောက်နိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အများအပြား ပါဝင်ခွင့်ရရှိခြင်းဖြင့် မူလရည်ရွယ်ချက်များအတိုင်း ပေါ်လွင်လာစေမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံတွင် အကယ်၍ မြို့နယ်ပေါင်း ၃၃၀ ထက် ပိုမိုကျော်လွန်လာပါက ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးချယ်တင်မြှောက်ရန် အခြေအနေများရှိမည် မဟုတ်ပါ။ သို့ဖြစ်၍ မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ် ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သောမူတစ်ရပ် ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

> **"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**
>
> **(က) မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ် တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**
>
> **(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက် မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"**

လို့အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ကြောင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်သည်

စာမျက်နှာ ၄ မှ

အကြံပြုတင်ပြအပ်ပါတယ်။ အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မှု အဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မှုနှင့် လိုက်လျောညီထွေဖြစ်စေရန် **"လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်"**ဆိုသည့် အသုံးအနှုန်းအစား**"မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်"**ဟု ပြင်ဆင်သုံးနှုန်း သွားမည်ဖြစ်ကြောင်း တင်ပြချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၆ခုနှစ်၊ မတ်လ၂၈ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်ခဲ့ပါတယ်။ အဆိုပါ ချမှတ်ခဲ့တဲ့ အပိုဒ်ခွဲ(က)ကို စကားအသုံးအနှုန်း ပိုမိုတိကျစေရေးအတွက် ပြည်ထောင်စုနယ်မြေများ ဟူသော စကားရပ်ရှေ့တွင် **"သက်ဆိုင်ရာ"**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမို ရှင်းလင်းမယ်ဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ အသေးစိတ်အခြေခံရမည့်မှုများ၌ ပါရှိသည့် ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများ ပါရှိသင့်ပါတယ်။ ဒါကြောင့်–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦး ကျစီဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က) နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာ တွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများ သည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"

လို့ အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၄ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မှုများအဖြစ် အပိုဒ်(၅)၊ အပိုဒ်ခွဲ(က)၊(ခ)၊(ဂ)တို့ကို ချမှတ်ခဲ့ပါတယ်။ အဆိုပါ ချမှတ်ခဲ့တဲ့ အပိုဒ်(က)တွင် နိုင်ငံတော်၏ မြို့တော် ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက် တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟူ၍ ပါရှိခဲ့ပါ သည်။ သို့ရာတွင် ၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၂ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုး သားညီလာခံ စုံညီအစည်းအဝေးက နေပြည်တော်ကို မြို့တော်အဖြစ် သတ်မှတ်ခဲ့ ပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့တော်ဖြစ်သည် ဟူသော စကားရပ်ကို ပြင်ဆင်ရန်လိုအပ်လာပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့ တော်ဟာ နိုင်ငံတော်ရဲ့မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေး နယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိခြင်းမှာ လျော်ကန်သင့်မြတ်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် သည်ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မှုကိုလည်း ပယ်ဖျက်သင့် ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

"(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မှုကို ပြင်ဆင်ချမှတ်ရန် သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ်သတ်မှတ်ရန် သဘောတူညီပါက နေပြည်တော်အတွက် ရန်ကုန် မြို့တော် ကောင်စီနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မှု များအတိုင်း ချမှတ်သင့်ပါတယ်။

ဒါ့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉ရက်နှင့် ၃၀ရက်နေ့များတွင် ကျင်းပ ပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မှုများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန် မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့် မှုများတွင် လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ် ထားသော အသေးစိတ်အခြေခံရမည့် မှုများတွင်လည်းကောင်း ပါရှိသည့် **"ရန်ကုန်မြို့တော်"**ဟူသောစကားရပ်အစား **"နေပြည်တော်"**ဟု ဖြည့်စွက်ရန်နှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မှု အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် **"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"**ဟု ဖော်ပြထားသည့် စကားရပ်အစား **"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"** လို့ ဖြည့်စွက်ရန် သင့်လျော်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဒါ့အပြင် အပိုဒ် ၃၇တွင် ဖော်ပြထားသော ပြည်ထောင်စုနယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မှုများကို မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်း မပြုတော့ပါ ကြောင်း ရှင်းလင်းပြောကြားချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက်

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် နိုင်သည်။

အသေးစိတ်အခြေခံရမယ့်မှုများ ချမှတ်စဉ်က အပိုဒ် ၆၊ အပိုဒ်ခွဲ (၄)၊ အပိုဒ်ခွဲငယ် (က)တွင် **"တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"** လို့ဖော်ပြခဲ့ပါတယ်။

မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် ပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်မည်ဆိုပါက ဖော်ပြပါ အသေးစိတ် အခြေခံရမယ့်မှုကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖို့ လိုအပ်လာမယ်ဖြစ်ပါ တယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(၄)၊အပိုဒ်ခွဲငယ်(က)ရှိ –**"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"**ဆိုတဲ့ စကားရပ် အစား **"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"** လို့ အသေးစိတ်အခြေခံရမယ့်မှုကို ပြင်ဆင်၍ ချမှတ်ရန်သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ် (၁၅)ခု အနက် **"နိုင်ငံတော်အခြေခံမူများ"** အခန်းနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံ ရမယ့်မှုများ ချမှတ်ရာတွင် သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းတဲ့မှုများကို အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ပါတယ်။ ထို့ကဲ့သို့ ပြောင်းရွှေ့ ဖော်ပြချက်အရ **"နိုင်ငံတော် အခြေခံမူများ"**အခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့သည့် **"နိုင်ငံတော်အကြီးအကဲ"**အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အသေးစိတ်အခြေခံမှု ၂ချက်၊ **"နိုင်ငံသား၊ နိုင်ငံသားများ မူလအခွင့်အရေးနှင့် တာဝန်များ"** အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်အသေးစိတ်အခြေခံမှု၁၁ချက်နှင့် **"အထွေထွေပြဋ္ဌာန်းချက်များ"** အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အသေးစိတ် အခြေခံမှု၂ချက် စုစုပေါင်းအသေးစိတ်အခြေခံရမယ့်မှု၁၅ချက်ကို သက်ဆိုင်ရာ အခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီး ဖြစ်သည့်အတွက် **"နိုင်ငံတော်အခြေခံမူများ"** အခန်းတွင် ဆက်လက်ဖော်ပြခြင်း မပြုတော့ပါကြောင်း ရှင်းလင်းပြောကြားချက် နှင့် စပ်လျဉ်း၍လည်း လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၅ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေး စိတ်အခြေခံရမယ့်မှုများ ချမှတ်စဉ်က အပိုဒ် ၁၅၊ အပိုဒ်ခွဲ (၅)တွင် **"တည်ဆဲဥပဒေ များသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်"** လို့ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မှုများချမှတ်စဉ်က အပိုဒ် (၅)တွင် **"တည်ဆဲဥပဒေ များသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်"** လို့ဖော်ပြခဲ့ ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မှုများဟာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်တဲ့အတွက် **"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက် များ"**အခန်းမှာဖော်ပြခြင်းက ပိုမိုဆီလျော်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေ ပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မှု အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ် ပါကြောင်း ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍ လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နောင်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မှုများနဲ့ အသေးစိတ်အခြေခံရမယ့် မှုများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံး အနှုန်း၊ သတ်ပုံသတ်ညွှန်း နေရာအထားအသို စသည်တို့ကို လိုအပ်သလိုပြင်ဆင် ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာလျော်ကန်သင့်မြတ်မှုရှိကြောင်းတင်ပြအပ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံမှာ အမှန်တကယ်လိုအပ်လျက်ရှိတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမယ့်မှုများ ရရှိနိုင်ရန် အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရာတွင်ပါဝင်မယ့် အခန်းခေါင်းစဉ်အလိုက် အခြေခံမူများနဲ့ အသေးစိတ်အခြေခံ ရမယ့်မှုများကို အမျိုးသားညီလာခံကြီးက အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို ချမှတ်နိုင်ဖို့အတွက် ဆောင်ရွက်ရာမှာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်နဲ့ လုပ်ငန်းကော်မတီအနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ များနဲ့ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာ လေ့လာ စိစစ်ပြီး မိမိတို့နိုင်ငံရဲ့ အစဉ်အလာ၊ ယဉ်ကျေးမှု ဓလေ့စရိုက်များနဲ့ လိုက်လျော ညီထွေရှိအောင် ပြုစုတင်ပြထားကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အချိန်အခါနဲ့ လိုက်လျော ညီထွေ ရှိစေရန်အတွက် လည်းကောင်း၊ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မှုများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲတဲ့အခါ ပိုမိုတိကျ ရှင်းလင်းစွာ ရေးဆွဲ နိုင်ရေးနဲ့ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ

စာမျက်နှာ ၆ ကော်လံ ၁ သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်တဲ့ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း အပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ညီလာခံကိုယ်စားလှယ် ဦးခေါင်ဒိုင် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားသည့်အချက်များအနက် အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက် အပိုဒ်(၃)ပါ **"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**ဆိုတဲ့ စကားရပ်နှင့်ဆက်၍ **"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"** ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းချက်အပိုဒ်(၅၀)ရှိ ဤအခန်းပါ "နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်"ဆိုတဲ့ စကားရပ်အစား ဤအခန်းနှင့် အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းပါ **"နိုင်ငံတော် ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် (၁၅)နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့စကားရပ်အစား "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး(၁၅)နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄) အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ပါက ပိုမိုပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါတယ်။

တင်ပြ

ရှမ်း ပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဦးခေါင်ဒိုင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃) တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်လည်း သင့်တော်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"ဆိုတဲ့ စကားရပ်အစား "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ချမှတ်ခဲ့ပြီးဖြစ်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ) အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

"(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

အပိုဒ်(၃၁)၊ အပိုဒ်ခွဲ(င)အဖြစ်

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟု အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်" ဟု အသေးစိတ်အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီ အတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ) ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး"

လို့ အသေးစိတ်အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

ပြည်နယ်နှင့်တိုင်းများ ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေများအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများအတွက် စကားအသုံးအနှုန်း ပိုမိုတိကျမှု ရှိစေရေးအတွက် "ပြည်ထောင်စုနယ်မြေများရှေ့တွင် 'သက်ဆိုင်ရာ' ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းမည်ဖြစ်ပါတယ်။

ဒါကြောင့် **အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၅ မှ

အငြင်းပွားဖွယ်ရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း ရည်ရွယ်လျက် ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနဲ့ ဆက်လက်ဖော်ပြရန် မလိုတော့တဲ့ အချက်များအား ချန်လှပ်ခြင်းတို့ကိုပြုလုပ်ဖို့ ရှင်းလင်းတင်ပြခြင်းများဟာ လျော်ကန်သင့်မြတ်မှု ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် လိုအပ်သည့် အခြေခံဥပဒေကြီး ပေါ်ပေါက်လာစေရေးကို ရည်ရွယ်လျက် ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကြီးဟာ မကြာမီကာလအတွင်းမှာ အောင်မြင်စွာ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ အဲဒီလို အမျိုးသား ညီလာခံကြီး အောင်မြင်စေရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအနေနဲ့ မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများကို စွန့်လွှတ်၍ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို မျှော်မှန်းပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြတာကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါတယ်။

ထိုနည်းတူစွာ မိမိတို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့လည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနဲ့ စပ်လျဉ်းပြီး ဦးတည်ချက်များ၊ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးနဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး မကျင်းပမီ ကြိုတင်ညှိနှိုင်းစဉ်ကာလမှစ၍ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည်အထိ စဉ်ဆက်မပြတ် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်မှုဟာ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အရေးကြီးဆုံးနဲ့ အခြေခံအကျဆုံး ဖြစ်ပါတယ်။ သို့ဖြစ်ရာ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများအပေါ် မူတည်၍ ကျန်ရှိသည့် လုပ်ငန်းအဆင့်ဆင့် အောင်မြင်စေရေးအတွက် ပြည်သူတစ်ရပ်လုံး၏ စွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ပါတယ်။

မိမိတို့၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီဟာ ပါတီနိုင်ငံရေးနဲ့ အမျိုးသား နိုင်ငံရေးကို သဟဇာတကျအောင် ပေါင်းစပ်ကျင့်သုံး ဖော်ဆောင်လျက်ရှိပြီး အမျိုးသားရေး အကျိုးစီးပွားများကို ဦးထိပ်ပန်ဆင် ဆောင်ရွက်နေတဲ့ ပါတီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ် (၇)ရပ်ရဲ့ ကျန်ရှိနေတဲ့ လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာလည်း အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ပြည်သူများနဲ့လက်တွဲပြီး ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊

အမျိုးသားညီလာခံကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားပြု နိုင်ငံရေးပါတီများမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစိန်ထွန်း ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့က ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ယခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ်အလိုက် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ချမှတ်ပြီးဖြစ်ပါတယ်။ ဒီအခြေခံမူများအနက် အသေးစိတ်အခြေခံရမယ့်မူများဟာ အမျိုးသားညီလာခံကိုယ်စားလှယ်များက ဘက်စုံ၊ ထောင့်စုံက အချိန်ယူ ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ခဲ့ကြတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေ အခြေခံရမယ့် အချက်များဖြစ်ပါတယ်ဟုလည်းကောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေ ရှိစေရန်အတွက်လည်းကောင်း၊ ချမှတ်ခဲ့တဲ့အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်စေရန်အတွက်လည်းကောင်း၊ မူလကချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရန်အတွက်လည်းကောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနှင့် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အချက်များကို ချန်လှပ်ခြင်းတို့ကိုပြုလုပ်ဖို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ အခြေခံမူတွေနဲ့အညီ ဆောင်ရွက်ရာမှာ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ်တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်သင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါသည်။

ဖတ်ကြား တင်ပြ

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးစိန်ထွန်း ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

ပြီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"** အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် ချမှတ်ခဲ့ပါတယ်။ **'နိုင်ငံတော်'** ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"** စုစည်းဖော်ပြချက်အပိုဒ် ၅၀ ၌

> **"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုပါတယ်။ **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ ဖော်ပြခဲ့ပါတယ်။ အနည်းဆုံးလိုအပ်ချက်မည်မျှဖြစ်ရမယ်ဆိုတာ ပေါ်လွင်စေလို၍ဖြစ်ကြောင်း သိရှိရပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ဖော်ပြခဲ့ပါတယ်။ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ အခြေခံမူတွေနဲ့အညီ ဆောင်ရွက်ရာမှာ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်။

စာမျက်နှာ ၆ မှ

(ခ) **သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး**

(ဂ) **အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင်ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးမှ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍

(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊

(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊

(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"ဟု အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

သို့ရာတွင် ယခုအခါ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် ဗဟိုရုံးစိုက်ရာမြို့သည် နေပြည်တော်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယင်းမြို့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ ပြန်လည်တည်ရှိသွားသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ကိုလည်း ဗဟိုအစိုးရအဖွဲ့ရုံးစိုက်ရာ 'နေပြည်တော်' ဟု ဖြည့်စွက်သင့်ပြီး ရန်ကုန်မြို့တော် စကားရပ်အစား 'နေပြည်တော်' နေပြည်တော်၏ကောင်စီဥက္ကဋ္ဌကိုလည်း "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ပြောင်းလဲ ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက်လည်း ယခင်က ချမှတ်ခဲ့သည့် "တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"ဆိုသည့် စကားရပ်အစား တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်း၌ တရားရုံးများ၏ လွှတ်တော်ဖြစ်သည်"လို့ အသေးစိတ်အခြေခံရမည့်မူကို ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ခေါင်းစဉ်(၁၅)ခုအနက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဖော်ပြခဲ့သည့် အချက်အချို့မှ နိုင်ငံတော်အကြီးအကဲအခန်းသို့ အချက်(၂)ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ (၁၁)ချက်၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ (၂)ချက် ပြောင်းရွှေ့ဖော်ပြခြင်းကို ထောက်ခံအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

၂၀၀၅ခုနှစ်၊ မတ်လ ၃ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ် ၁၅ အပိုဒ်ခွဲ ၅တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်" လို့ ဖော်ပြချက်ကို ၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်လည်း "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် ထပ်တူစကားရပ်များဖြစ်သည့် အသေးစိတ်အခြေခံရမယ့်မူ ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ ၂၂၆ ပုဒ်မခွဲ(၁)ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက် အခန်းမှာ ဖော်ပြထားတာ တွေ့ရှိတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ဘဲ ပယ်ဖျက်မည့်ကိစ္စသည် မှန်ကန်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်၏ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမယ့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ကျင်းပရေးဆွဲချမှတ်နိုင်ပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ချမှတ်ပေးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း၊ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် ကျွန်တော်တို့ပါတီက သဘောတူထောက်ခံ ဆန္ဒပြုပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

စာမျက်နှာ ၇ မှ

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်း ချမှတ်စဉ်က **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"**ဟူ၍ ဦးတည်ချက်ပါရှိခဲ့ပါတယ်။ **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"** ဟုလည်းချမှတ်ခဲ့ပြီး နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**ဟု ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ် ညီညွတ်စေဖို့လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆိုတဲ့ စကားရပ်နှင့် ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်ခွဲ(၂)တွင် **"ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်"** ဟုချမှတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်းများ ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း၊ **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** ဆိုသည့် စကားရပ်ကို ဆွေးနွေးတင်ပြပါသည်။

"သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"လို့ ဖော်ပြခြင်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ အကျယ်တဝင့် ရှင်းလင်းချက်များအပေါ် မိမိတို့အဖွဲ့မှ ဖတ်ရှုလေ့လာမှတ်သားခွင့်များ ရရှိခဲ့ကြပါတယ်။

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် **"နိုင်ငံတော်သမ္မတအနေသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** လို့ သုံးနှုန်းထားတဲ့အတွက် လျှော့ပေါ့စဉ်းစားခြင်း မပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း**"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

၁၉၉၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဌ)တွင်–

"(၁) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်" လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊"** အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"** ဟု ဖော်ပြခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန်–

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်" ဟုလည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟု အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ တစ်နေ့နဲ့တစ်နေ့၊ တစ်လနဲ့တစ်လ၊ တစ်နှစ်နဲ့တစ်နှစ် မတူညီဘဲ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတာကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီး ဖြစ်ပါတယ်။ နောင်အခါမှာ ယခုထက်ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ လိုက်လျောညီထွေဖြစ်အောင် မြို့နယ်များကို ဖွဲ့စည်းသင့်က ဖွဲ့စည်းရပါမယ်။ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦး ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦး ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။

ဥပဒေပြုခြင်းဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ၂၈–၃–၁၉၉၆ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ရာမှာ–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး။"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **"ပြည်ထောင်စုနယ်မြေများ"**ရှေ့တွင် **'သက်ဆိုင်ရာ'** ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည် ဖြစ်ပါတယ်။

ဒါကြောင့်–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီ ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး အထက်အပိုဒ်(ခ)ကို အသေးစိတ်အခြေခံရမယ့်မူ ဆက်လက်ဖော်ပြရန် မလိုအပ်တော့၍ အပိုဒ်(ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ)ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါတယ်။

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း

"(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၆ ခုနှစ်၊ မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမည့်မူတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟူ၍လည်းကောင်း၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူတွင် အဖွဲ့ဝင်အဖြစ် **"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"**ဟု ဖော်ပြထားသည့် စကားရပ်အစား **"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"**လို့ ဖြည့်စွက်ရန် သင့်တော်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်ပြီး ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို လိုက်လျောညီထွေရှိအောင် ပြင်ဆင်သင့်ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည် ဆိုတဲ့ စကားရပ်အစား **"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"** လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

နောင်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး၊ သဘာပတိအဖွဲ့ဝင်များ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များအပေါ် မိမိတို့အဖွဲ့မှ ဆွေးနွေးသဘောတူ အကြံပြုခဲ့ပြီးဖြစ်ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကို ဆက်လက်၍ တာဝန်ပေးအပ်သွားမှသာ အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိထိမိမိရေးဆွဲနိုင်မည်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားညီလာခံကိုယ်စားလှယ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ကိုယ်စားပြု အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်ခင် ဖြစ်ပါတယ်။

ပြည်ထောင်စု ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်၏ ဆွေး နွေး အကြံပြု ချက် စာတမ်းကို ဦးအောင်ခင် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းအလိုက် ခေါင်းစဉ်များရဲ့ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲတဲ့အခါ မလွဲမသွေအခြေခံရမယ့် အချက်များဖြစ်ကြောင်း ချမှတ်ခဲ့တဲ့ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်စေရန်အတွက်လည်းကောင်း၊ မူလချမှတ်ခဲ့တဲ့ ဦးတည်ချက်နဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရေးအတွက်လည်းကောင်း၊ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံမူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်ဖို့ ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

အချုပ်အခြာအာဏာဆိုတာ ထာဝရ အမှန်တရားပဲဖြစ်ပါတယ်။ အဲဒီအမှန်တရားကို အကြမ်းဖက်လို့ဖြစ်စေ၊ လူအများဆန္ဒအရဖြစ်စေ၊ အခြေခံပြီး မစဉ်းစားရပါ။ ဆင်ခြင်တုံတရားအပေါ်မှာသာ အခြေခံပြီး စဉ်းစားရမယ်။ လူတွေမှာလည်း မှားတတ်ကြပါတယ်။ လုံးဝအမှားကင်းတယ်ဆိုတာ မရှိနိုင်ပါဘူး။ ဆင်ခြင်တုံတရားနဲ့ပြည့်ဝတဲ့ အခြေခံမူတွေကို ရှာဖွေပြီး ဆောင်ရွက်နိုင်မှသာ ပြည့်စုံကောင်းမွန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာနိုင်မယ်လို့ နိုင်ငံရေးပညာရှင်တစ်ဦးက မိန့်ဆိုခဲ့ပါတယ်။ လူတစ်ဦးတိုင်းစီရဲ့ လွတ်လပ်မှုကို လေးစားရမှာဖြစ်ပေမယ့် နိုင်ငံတော်ကို မည်သူကမျှ ဆန့်ကျင်နိုင်ခွင့်မရှိ အချုပ်အခြာအာဏာရပ်ဆိုတာ အမျိုးသားထုတစ်ရပ်လုံးရဲ့ နိုင်ငံရေးအရ ဖွဲ့စည်းထားတဲ့အရာဖြစ်တယ်။ အခြေခံဥပဒေဟာ နိုင်ငံတစ်ခုတည်မြဲရေးမှာ အဓိက အခရာကျပါတယ်။ အခြေခံဥပဒေမရှိတဲ့နိုင်ငံမှာ တည်မြဲတဲ့အစိုးရဆိုတာ မရှိနိုင်ဘူး။ အခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ ပင်မကျောရိုး အထွတ်အခေါင်ဖြစ်တဲ့အတွက် မိခင်ဥပဒေလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းရန်၊ ကျင့်သုံးရန်နှင့် ပြဋ္ဌာန်းပြီး အခြေခံဥပဒေတို့ကိုလည်း ပြင်ဆင်ဖို့လိုအပ်မယ်ဆိုရင် ပြင်ဆင်သွားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းမှု၊ ချို့ယွင်းမှု၊ မခိုင်မာမှုတွေဟာ တိုင်းပြည်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းတွေမက ပြင်ပ ပယောဂတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ ပြည်တွင်းစစ်ပွဲကနေ နိုင်ငံပြိုကွဲမှုတွေဆီကို ဦးတည်သွားနိုင်တယ်ဆိုတာ ကမ္ဘာ့နိုင်ငံအချို့ရဲ့ အဖြစ်အပျက်က သက်သေပြလျက်ရှိနေပါတယ်။ နိုင်ငံရဲ့ လူမှုစီးပွားရေးစနစ်၊ လူမှုနိုင်ငံရေးစနစ်တွေဟာ ကာလဒေသအခြေအနေအလိုက် ပြောင်းလဲနေတတ်ကြပါတယ်။ ပြောင်းလဲနေတဲ့အခြေအနေအလိုက် လိုက်လျောညီထွေဖြစ်စေမယ့် ဥပဒေများကိုလည်း ပြောင်းလဲပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။

တိုင်းရင်းသားအချင်းချင်း သံသယတွေပျောက်ပြီး အမှန်ဘဝကို စိတ်ချလက်ချရောက်အောင် အာမခံဖန်တီးပေးနိုင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်ပါတယ်။ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ သာယာဝပြောမှုတွေကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည့်ပြည့်စုံစုံ တိတိကျကျ အမှားအယွင်းကင်းကင်းနဲ့ ရေးဆွဲပြဋ္ဌာန်းနိုင်မှသာ ပျော့ကွက် ဟာကွက် အားနည်းချက်တွေ ပယ်ဖျောက်ပေးနိုင်မှာဖြစ်ပါတယ်။ ဥပဒေပြုခြင်းဆိုတဲ့ ဝေါဟာရစကားလုံးမှာ ဥပဒေပြုကဏ္ဍက ဥပဒေပြုသည်ဖြစ်စေ၊ ပယ်ဖျက်သည်ဖြစ်စေ၊ ဖြည့်စွက်သည်ဖြစ်စေ၊ ပြင်ဆင်သည်ဖြစ်စေ၊ ပြောင်းရွှေ့ဖော်ပြသည်ဖြစ်စေ ဥပဒေပြုခြင်းနဲ့ အကျုံးဝင်ပါတယ်။ **ဖွဲ့စည်းပုံအခြေခံဥပဒေမှန်သမျှဟာ နိုင်ငံတော်ကို သာယာဝပြောစေဖို့၊ ဖွံ့ဖြိုးစည်ပင်စေဖို့၊ တည်ငြိမ်အေးချမ်းစေဖို့ ရည်ရွယ်မျှော်မှန်းပြီး ရေးဆွဲကြတာချည်းပဲ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီများအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်အောင်၊ တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းစွာ အတူတကွလက်တွဲပြီး အပြန်အလှန်ထိန်းကျောင်းစေနိုင်အောင်၊ အမျိုးသား အကျိုးစီးပွားကို တည်ဆောက်ကာကွယ်ပေးနိုင်တဲ့၊ ပျော့ကွက် ဟာကွက် အားနည်းချက်ကင်းတဲ့၊ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာအောင် နေ့မအား ညမနား ကြိုးပမ်းလျက်ရှိနေတယ်ဆိုတာ ကျွန်တော်တို့အားလုံး တွေ့ရှိနေကြရပါတယ်။**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်တဲ့အခါမှာ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် ရှစ်ချက်၊ ပြင်ဆင်ခြင်းအတွက် ငါးချက်၊ ပယ်ဖျက်ခြင်းအတွက် တစ်ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း တစ်ချက် စုစုပေါင်း ၁၅ ချက်ပါရှိတာ လေ့လာတွေ့ရှိရပါတယ်။ ဒီအချက် ၁၅ ချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အပြန်ပြန်အလှန်လှန် လေ့လာပြီး ဝါကျဖွဲ့စည်းမှု၊ ဝါကျ အထားအသိုကျစ်လျစ်မှု၊ ရှေ့နောက်ဆီလျော်မှုရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်၊ အားနည်းချက်အပေါ် ပြင်ဆင်ဖြည့်စွက်ရန်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တွေကို အခုလို အတည်ပြုချက် တောင်းခံရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြောင်းရွှေ့ဖော်ပြခြင်းအချက်များ အတည်ပြုပြီးရင် နောင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမည့် အခန်း (၁၅)ခန်းပါ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်နိုင်တော့မှာဖြစ်ပါတယ်။ ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် လိုအပ်တဲ့ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ အခြေခံမူများ အသေးစိတ်အခြေခံရမယ့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုပါ ရေးဆွဲနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း လက်ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကို ဆက်လက်၍ တာဝန်ပေးအပ်သွားမှသာ အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိထိမိမိရေးဆွဲနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြတဲ့ အခြေခံမူ အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြောင်းရွှေ့ခြင်း အချက်(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း ထောက်ခံတင်ပြသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုလည်း အခြေခံမူ၊ အသေးစိတ်အခြေခံရမယ့်မူများနှင့်အညီ လက်ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကိုပင် ဆက်လက်တာဝန်ပေးအပ်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

အခြေခံဥပဒေဟာ နိုင်ငံတစ်ခုတည်မြဲရေးမှာ အဓိက အခရာကျပါတယ်။ အခြေခံဥပဒေမရှိတဲ့နိုင်ငံမှာ တည်မြဲတဲ့အစိုးရဆိုတာ မရှိနိုင်ဘူး။ အခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ ပင်မကျောရိုး အထွတ်အခေါင်ဖြစ်တဲ့အတွက် မိခင်ဥပဒေလို့လည်း ခေါ်ဆိုနိုင်ပါတယ်။

ပန်းတိုင်ဆီ သည်အောင်ပွဲ

ပြည်ထောင်စု နိုင်ငံတစ်ဝန်း
ရည်ကာမှန်း နိုင်ငံသစ်ဆီသို့၊
ပြည်ချစ်တဲ့ ကိုယ်စားလှယ်တွေ၊
ဖွဲ့စည်းပုံ အခြေခံဥပဒေ၊
ပြုစုလို့နေ၊
ညီညာလေ စုပေါင်း။
ရည်ကာသန် နောင်တွင်အေးစေဖို့၊
ညီလာခံ အောင်မြင်ရေးကိုလ၊
ရေးရှုပါကြောင်း။
တိုင်းရင်းသား ညီနောင်ရင်းတွေနဲ့၊
ရှိုင်းပင်းထား ပြည်ထောင်တွင်းမှာ၊
သွေးချင်းတို့ ရစ်ဖွဲ့ပေ၊
ပြည်ထောင်စု ခွဲမထွက်စေ၊
တွဲလက်တွေ မဖြုတ်စတမ်း၊
ဒို့ပြည်ထောင် ခေတ်မီရေးကိုလ၊
ဒို့ညီနောင် ချစ်ကြည်တေးရယ်နဲ့၊
ကြွေးကြော်ကြစမ်း။
အခြေခံဥပဒေ အောင်မြင်ရေးကိုလ၊
ရေးရှုလို့ ပြုစုနေ၊
လမ်းညွှန်ပေ (၇)ရပ်က၊
မွန်မြတ်လို့ အောင်မြင်စေ၊
ကိုယ့်တာဝန် ကိုယ်နိုင်စေ၊
ကျေပွန်ဖို့ အရေး၊
ပန်းတိုင်ဆီ သည်အောင်ပွဲကိုလ၊
လှမ်းပြိုင်ညီ ရည်ဆောင်တွဲကာပ၊
(ညီလာခံကိုယ်စားလှယ်တို့ရယ်) နွှဲကြစို့လေး။ ။

တက္ကသိုလ်တင်ခ

မြန်မာ့ရုပ်မြင်သံကြား

၁၄-၈-၂၀၀၇ ရက် (အင်္ဂါနေ့)

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ် (မြန်မာ့ကျောင်းသား)
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။
		ညပိုင်း
၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာဒုတိယနှစ် (သမိုင်းအထူးပြု) [သမိုင်း]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀	၆။	ခံစားနားဆင်တေးဂီတဝင်
၁၇:၂၅	၇။	**စပါးကရွှေ၊ ငါးကငွေ** ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး၊ (ဒါရိုက်တာ–နိုင်း)
၁၇:၃၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၂။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၃)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးဒုတိယချစ်ပုံပြင်** (အပိုင်း–၃၆)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

NLD ပါတီသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခြင်းမရှိသဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစန်းလွင်နှင့် ဦးဝင်းဗိုလ်တို့သည် ဇူလိုင် ၂၅ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိကြောင်း၊ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေပြီး အာဏာမက်မောကာ အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေကြကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခြင်းလုံးဝမရှိသဖြင့် ပါတီဝင်အဖြစ် ဆက်လက် လုပ်ကိုင်ဆောင်ရွက်လိုခြင်းမရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကျူးဘားသမ္မတကတ်စထရို ၈၁ နှစ်ပြည့်ပြီ

ဟာဗားနား ဩဂုတ် ၁၃

ကျူးဘားသမ္မတ ဖီဒယ်လ်ကတ်စထရိုသည် ဩဂုတ် ၁၃ ရက်က အသက် ၈၁ နှစ် ပြည့်သွားခဲ့ပြီဖြစ်သည်။ မိမိသည် ကျူးဘားနိုင်ငံအတွက် တိုးတက်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်း၏ ၈၁ နှစ်မြောက် မွေးနေ့၌ ပြောကြားလိုက်သည်။

ဘုရှ်၏ ထိပ်တန်းအကြံပေး ကာလ်ရို့ဗ်နုတ်ထွက်မည်

ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်သမ္မတအိမ်ဖြူ၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ် ကာလ်ရို့ဗ်က မိမိသည် ယခု ဩဂုတ်လကုန်၌ ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း ဩဂုတ် ၁၃ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

မစ္စတာကာလ်ရို့ဗ်သည် သမ္မတဘုရှ်၏ နိုင်ငံရေးရာ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး မိသားစုအတွက်အချိန်ပိုပေးနိုင်ရန် ယခုကဲ့သို့ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်မှ တောင်ကိုရီးယား ဓားစာခံနှစ်ဦးပြန်လွှတ်ပေး

ကဘူးလ် ဩဂုတ် ၁၃

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်တို့က ဖမ်းဆီးထားသော တောင်ကိုရီးယား ဓားစာခံများအနက် အမျိုးသမီးနှစ်ဦးကို ဩဂုတ် ၁၃ ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပါကစ္စတန်၌ မုန်တိုင်းတိုက်ခတ် ၂၂ ဦးသေဆုံး

မက်ရှ်ဝါ ဩဂုတ် ၁၃

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၁၃ ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရာနီမီရာကျေးရွာ၌ မြေပြိုမှုများဖြစ်ပွားပြီး ၂၂ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒီဗားအာကာသလွန်းပြန်ယာဉ် ပွန်းပဲ့ရာတွေ့ရှိ

လန်ဒန် ဩဂုတ် ၁၃

အာကာသအတွင်း နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်စဉ်တွင် အင်ဒီဗားလွန်းပြန်ယာဉ်၏ ကိုယ်ထည်အပူကာ၌ ပွန်းရာပဲ့ရာတစ်ခုကို နာဆာက စစ်ဆေးတွေ့ရှိသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်စခန်းမှ အင်ဒီဗားလွန်းပြန်အာကာသယာဉ်ကို ဩဂုတ် ၈ရက်က လွှတ်တင်ပြီး မကြာမီမှာပင် လွန်းပြန်ယာဉ်ကို ရေခဲများထိမှန် ရိုက်ခတ်နိုင်သည်ဟု နာဆာက ကြေညာသည်။

ပွန်းရာပဲ့ရာ၏ အရွယ်အစားအတိအကျနှင့် အနက်အတိအကျသိရှိရန် ဩဂုတ် ၁၂ရက်တွင် အာကာသယာဉ်မှူးများက လေဆာနှင့်ကင်မရာတပ်ဆင်ထားသည့် လက်တံဖြင့် စမ်းသပ်လေ့လာခဲ့ကြသည်။ အာကာသအတွင်းလမ်းလျှောက်စဉ် (ယာပုံ) လိုအပ်ချက်များကို ပြုပြင်ကြမည် ဖြစ်သည်။ (အင်တာနက်)



လေကြောင်းကာကွယ်ရေး အစီအစဉ်သစ်စတင်ပြီဟု ပူတင်ပြောကြား

မော်စကို ဩဂုတ် ၁၃

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်စ်ရေဒါစခန်းအသစ်သည် လေကြောင်းကာကွယ်ရေးအစီအစဉ်ကြီး၏ ပထမအဆင့်ဖြစ်သည်ဟု သမ္မတ ဗလာဒီမာပူတင်က ဩဂုတ် ၁၁ ရက်တွင် ပြောကြားလိုက်ကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

ကာကွယ်ရေး နယ်ပယ်တွင် ၂၀၁၅ ခုနှစ်အထိ လုပ်ဆောင်မည့် အစီအစဉ်ကြီး၏ ပထမခြေလှမ်းဖြစ်ကြောင်း စိန့်ပီတာစဘတ်စ်မြို့သို့ ရောက်ရှိစဉ်၌ ပူတင်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကြီးကို ရုရှားနယ်စပ်ဒေသများရှိ ဒုံးစခန်းများသို့ အမေရိကန်တို့၏ ထိုးဖောက်ဝင်ရောက်မှုကို တုံ့ပြန်သည့်အနေဖြင့် ၎င်း၏ လေကြောင်း ကာကွယ်ရေးစနစ် လိုအပ်ချက်များကို ဖြည့်တင်းရမည်ဖြစ်ကြောင်း ရုရှားက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဇီဝလောင်စာထုတ်လုပ်မှု မြှင့်တင်ရေး ပနားမားနှင့်ဘရာဇီး ပူးပေါင်းဆောင်ရွက်မည်

ပနားမား ဩဂုတ် ၁၃

ပနားမားသမ္မတ မာတိန်းတာရီဂျို့စ်နှင့် ဘရာဇီးသမ္မတ လူ့ဇ်အင်ကိုလူလာဒါဆယ်လ်ဗာတို့သည် ဇီဝလောင်စာတိုးမြှင့်ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ဩဂုတ်၁၀ရက်က သဘောတူညီခဲ့ကြသည်။

ဇီဝလောင်စာထုတ်လုပ်ရေးလုပ်ငန်းများတွင် နည်းပညာရှာဖွေရေး လုပ်ငန်းများအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် နှစ်နိုင်ငံအနေဖြင့် သဘောတူညီခဲ့ကြောင်း ပနားမား နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

သဘောတူညီ

နည်းပညာများ လွှဲပြောင်းရယူခြင်း၊ ဇီဝလောင်စာတိုးမြှင့်ထုတ်လုပ်ရေးနှင့် အီသနောနှင့် ဇီဝဒီဇယ် သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းလည်း သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှားနှင့် အီသီယိုးပီးယားတို့ သဘာဝဓာတ်ငွေ့ ပူးပေါင်းထုတ်လုပ်မည်

အဒစ်အဘာဘာ ဩဂုတ် ၁၃

အီသီယိုးပီးယားနိုင်ငံသည် မလေးရှားနိုင်ငံပိုင် ပတ်ထရိုနပ်စ် ရေနံလုပ်ငန်းနှင့် အိုဂါဒင်းဒေသတွင်သဘာဝဓာတ်ငွေ့များတူးဖော်ရှာဖွေထုတ်လုပ်ရန် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်ကြောင်း အီသီယိုးပီးယားအရာရှိများက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။

အီသီယိုးပီးယားနှင့် ပတ်ထရိုနပ်စ်တို့အကြား သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁သန်း ၉သန်းတန်ဖိုးရှိသော စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်ဟု အီသီယိုးပီးယားနိုင်ငံ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

သဘောတူ

အီသီယိုးပီးယားနိုင်ငံ အိုဂါဒင်းဒေသရှိ ဟီလာနှင့် ကာလပ်နယ်မြေများတွင် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးအတွက် တင်ဒါအောင်မြင်ခဲ့သော ပတ်ထရိုနပ်စ်ရေနံကုမ္ပဏီနှင့် အီသီယိုးပီးယားနိုင်ငံ သတ္တုနှင့်စွမ်းအင် ဝန်ကြီး အလီမာယူတီဂီနတို့ ပြီးခဲ့သည့်လက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ပေါကြွယ်ဝ

အီသီယိုးပီးယားနိုင်ငံ အိုဂါဒင်းဒေသသည် သဘာဝဓာတ်ငွေ့ သယံဇာတ ပေါကြွယ်ဝသော နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဆိုင်ကယ်စီး စွမ်းရည်ပြသူ

ထူးခြားစွာ ဆိုင်ကယ်စီးစွမ်းရည်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ချက်သမ္မတနိုင်ငံ မီမွန်မြို့တွင် ပီတာကူချာအမည်ရှိ အမျိုးသားတစ်ဦးက အမြင့်မီတာ ၃၀၀ရှိ အဆောက်အအုံ တစ်ခုထိပ်မှ မော်တော်ဆိုင်ကယ်ဖြင့် မြေပြင်သို့ စီးနင်းပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အင်ဒီယားနားရှိ ကျောက်မီးသွေးတွင်း၌ လုပ်သားသုံးဦးသေဆုံး

ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် ဝက်ဘ်ဆွန်စီရင်စုဒေသရှိ ကျောက်မီးသွေးတွင်း၌ လုပ်သားသုံးဦးသည် ဩဂုတ်၁၀ရက်က လုပ်ငန်းခွင်အတွင်း မတော်တဆဖြင့်သေဆုံးခဲ့ရကြောင်း စီအင်န်အင်န် သတင်းဌာနက သတင်းထုတ်ပြန်သည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိရာ တူးဖော်ဆဲကျောက်မီးသွေးတွင်း၌ မတော်တဆ ပြုတ်ကျရာမှသေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် တရုတ်၌ အလုပ်လက်မဲ့များအား သင်တန်းပို့ချမည်

ပေကျင်း ဩဂုတ် ၁၃

တရုတ်နိုင်ငံအတွင်း အလုပ်အကိုင်များပိုမိုရရှိစေရန်နှင့် အလုပ်လက်မဲ့များအား အကူအညီပေးသည့်အနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် သင်တန်းပို့ချခြင်း အစီအစဉ်တစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီးကျန်ဇီကျန်းက ဩဂုတ်၁၂ရက်၌ ပြောကြားလိုက်သည်။

စတင်ဖွင့်လှစ်

အဆိုပါအစီအစဉ်အား တရုတ်နိုင်ငံအတွင်းရှိ မြို့ပေါင်း ၁၀၀ကျော်တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်နိုင်သူများသည် အလုပ်လက်မဲ့များသာမက တက္ကသိုလ်ကောလိပ်ဘွဲ့ရများနှင့် ရွှေ့ပြောင်းအလုပ်သမားများလည်း ပါဝင်ကြောင်း အဆိုပါ ဒုတိယဝန်ကြီးက ပြောကြားသည်။

အလုပ်အကိုင်များ ပိုမိုရရှိစေမည့် အဆိုပါစီမံကိန်းအတွက် စီမံချက်ကို လာမည့် စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းများကို ယခုနှစ်အတွင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေခဲတောင်ထိပ်၌ တေးဂီတဖျော်ဖြေကြသူများ

ရေခဲတောင်ပေါ်၌ တေးဂီတဖျော်ဖြေနေကြသူများအား တွေ့ရစဉ်။ (ယာပုံ)

ဘိုလီးဗီးယားနှင့် ဂျာမနီနိုင်ငံတို့မှ တေးဂီတသမား ၁၄ဦးတို့သည် ဘိုလီးဗီးယားနယ်စပ်ရှိ အမြင့် ၁၉၉၀၈ ပေရှိသော ရေခဲများ ဖုံးလွှမ်းနေသည့် တောင်ထိပ်ပေါ်၌ မိနစ် ၃၀ကြာအောင် တေးဂီတ ဖျော်ဖြေမှု ပြုလုပ်ခဲ့သဖြင့် ရေခဲတောင်ပေါ်၌ အချိန်အကြာဆုံးတေးဂီတဖျော်ဖြေသူများအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ရန်ကြိုးစားခဲ့ကြသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယား၌ ဗြိတိသျှတစ်ဦး သေနတ်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရ

ပို့ဒ်ဟားကော့ဒ် (နိုင်ဂျီးရီးယား) ဩဂုတ် ၁၃

နိုင်ဂျီးရီးယားနိုင်ငံ ပို့ဒ်ဟားကော့ဒ်မြို့ရှိ ဟိုက်ဒရိုဒြိုက် ရေနံကုမ္ပဏီမှ မန်နေဂျာ ဗြိတိန်နိုင်ငံသားတစ်ဦးအား သေနတ်သမားများ ဩဂုတ်၁၀ရက်၌ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ မန်နေဂျာမှာ ၎င်း၏လုပ်ငန်းခွင်သို့အလာ လမ်းပေါ်တွင် သေနတ်သမားအချို့က ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဖီးလစ်အော့ဂျ်ဘာဒူက ပြောကြားသည်။

ပထမပိုင်းတွင် အဖမ်းခံရသူကို အမေရိကန်နိုင်ငံသားဟု ထင်ခဲ့ကြောင်း၊ သို့ရာတွင် အဘူဂျာမြို့ရှိ ဗြိတိန်သံရုံး၏ ပြောကြားချက်အရ ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်သည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ဖီးလစ်အော့ဂျ်ဘာဒူက ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အနာဂတ်နိုင်ငံတော်သစ်ကြီးကို စစ်မှန်သည့်ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် ပုံဖော်တည်ဆောက်နေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖျက်လုပ်ရပ်မှန်သမျှ ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တိုက်ဖျက်

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး)သင်တန်းအမှတ်စဉ် (၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမဌကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့်သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ မိမိတို့၏ နိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်း ထောင်ချီသည့်ကာလကစပြီး တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ တစ်အူထုံ့ဆင်း သွေးရင်းသားရင်းများဖြစ်ကြသည့် တိုင်းရင်းသားများ စုံညီစွာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ပူးပေါင်းအခြေချ နေထိုင်လာခဲ့ကြသော နိုင်ငံတော်ကြီး ဖြစ်ကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး မိမိတို့နေထိုင်ရာ ဒေသအသီးသီး၏ အကျိုး၊ ပေါင်းစည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီး၏ အကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြသော အစဉ်အလာကောင်းများရှိသည့် နိုင်ငံတော်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုနှင့် စိုးမိုးခြယ်လှယ်ရန် ကြိုးပမ်းမှုများကို တိုင်းရင်းသားအားလုံးက တလုံးတစည်းသော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်ဖယ်ရှားပြီး လွတ်လပ်ရေးကို ရယူခဲ့ခြင်းဖြစ်သည် ဆိုသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏အခြေခံဖြစ်ကြောင်း၊ အနာဂတ် နိုင်ငံတော်သစ်ကြီးကိုလည်း စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် ပုံဖော်တည်ဆောက်နေပြီ ဖြစ်ကြောင်း။

အခြေပြုဖွဲ့စည်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး မှန်ကန်၊ ခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်ရှိသူလူငယ်များကို အခြေပြုပြီးဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

အသင်းကြီးကို တိုင်းရင်းသားပြည်သူအားလုံး ခံယူကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေပြုထားသည့် ရည်ရွယ်ချက်(၅)ရပ်၊အခြေခံမူ(၅)ချက်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါး၊ တာဝန်ဝတ္တရား (၁၄)ချက်တို့ကို ပြဋ္ဌာန်းထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၄ နှစ်တာ သက်တမ်းတွင်း အသင်းဝင်များသည် အသင်းကြီးက နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသအသီးသီး၏ အကျိုးရှိစေသည့် လုပ်ဆောင်မှုများတွင် ပါဝင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ အသင်းဝင်များသည် နယ်မြေအသီးသီး နေထိုင်ကြသည့် ပြည်သူများထဲက ပြည်သူများဖြစ်ကြပြီး မိမိတို့နယ်မြေဒေသ အသီးသီး၏ အကျိုးအတွက် မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ဖြင့် ပါဝင်ဆောင်ရွက်ကြရန် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ အများအကျိုးအတွက် ဆောင်ရွက်လိုစိတ်၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လို စိတ်ရှိကြသူများ ဖြစ်ကြသည့်အတိုင်း မိမိတို့၏ နယ်မြေအသီးသီးတွင် နေ့စဉ်ကြုံတွေ့နေကြသည့် လူမှုရေး၏အခြေခံအုတ်မြစ်ဖြစ်သည့် ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များသာမက ဒေသခံပြည်သူများ၏ အေးချမ်းသာယာမှုရှိစေရန်၊ လူမှုစီးပွားရေး မြင့်မားတိုးတက်စေရန်၊ပညာရည်မြင့်မားစေရန် အတွက်လည်း ပါဝင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ လက်ရှိမိုးရာသီ ကာလတွင် ကြုံတွေ့လေ့ရှိသည့် မြစ်ရေကြီးမှု၊ ရေလွှမ်းမိုးမှု၊ လေပြင်းတိုက်ခတ်မှုရှိသည့် ဒေသများတွင်လည်း ကာကွယ်ရေးလုပ်ငန်းများ၊ ကူညီစောင့်ရှောက်ခြင်း လုပ်ငန်းများကို ထိရောက်စွာ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အသင်းကြီး၏ စုစည်းညီညွတ်သည့်အား တစ်ခုတည်းနှင့် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ဒေသအာဏာပိုင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများ၊ အခြားသော လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် နယ်မြေဒေသအသီးသီးက တိုင်းရင်းသား ပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အသင်းဝင်များ အနေဖြင့် အသင်းကြီး၏ အကျိုးထက် ဒေသခံပြည်သူများ အကျိုးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ အပေါ် နယ်မြေလူထု၏အသိအမှတ်ပြုမှု၊ အသင်းကြီး၏ လုပ်ငန်းစဉ်များ အပေါ် သိရှိနားလည်မှုများ ရရှိခဲ့ကြပါကြောင်း၊ အသင်းဝင်အင်အားသည်လည်း ၂၄သန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ပိုမိုအကျိုးပြု

တိုးတက်များပြားလာသည့်အသင်းဝင်များ၏ စုစည်းညီညွတ်သည့် အားဖြင့် နယ်မြေအသီးသီး၏အကျိုး ပိုမိုထိရောက်စွာ သယ်ပိုးနိုင်စေရန် စနစ်တကျ စီမံဖွဲ့စည်းမှုများနှင့် လေ့ကျင့်မှုများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိကြောင်း၊ အသင်းဝင်များ၏ အရည်အချင်းများ တိုးတက်လာသည်နှင့်အမျှ အသင်းကြီးက ပြည်သူများ အကျိုးအတွက် ရေးရှုချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။ ထို့ကြောင့် သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် အလေးထားမှတ်သားကြရန်၊ မိမိတို့၏ အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး ပိုမိုအကျိုးပြုနိုင်စေရန် လေ့လာသွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

လက်ရှိကာလသည် ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်သစ်ကြီးကို အစီအစဉ်ရှိရှိ ပုံဖော်တည်ဆောက်နေချိန် ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ စနစ်ဟောင်း၊ ခေတ်ဟောင်းမှ စနစ်သစ်၊ ခေတ်သစ်သို့ ကူးပြောင်းရာတွင် တိုင်းရင်းသားအားလုံး အကျိုးအတွက် ညင်သာစွာ တစ်ဆင့်ပြီး တစ်ဆင့် ကူးပြောင်းနေချိန်ဖြစ်ကြောင်း၊ မိမိတို့အားလုံးတွင် တိကျသည့် ရည်မှန်းချက်ပန်းတိုင် ခံယူကျင့်သုံးရမည့်မူ၊ လက်တွေ့ကျသည့် လမ်းစဉ်များရှိပြီး ဖြစ်ကြောင်း၊ ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းပြီး စေတနာပါသည့် ကြိုးပမ်းမှုများကြောင့် မည်သည့် ခေတ်ကာလနှင့်မှ မတူသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနေကြရပြီဆိုသည်ကို ပြည်သူထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များအသိ ဖြစ်ကြောင်း။

စီမံဆောင်ရွက်

နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သတိရှိစေရန် အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲတွင် အသင်းနာယကကြီးဖြစ်သည့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် မိမိလူမျိုးကို ချစ်သည်ဆိုလျှင် တိုင်းရင်းသားအားလုံး၏ ကောင်းကျိုးကို ကြိုးပမ်းဆောင်ရွက်ဖို့ လိုကြောင်း၊ တိုင်းရင်းသားအားလုံး၏ စားဝတ်နေရေး၊ လူတန်းစေ့ဘဝ နေထိုင်နိုင်ရေးအတွက် ပန်းတိုင်ရှိဖို့ လိုကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်၏ ပန်းတိုင်အနေဖြင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဆိုသည့် ပန်းတိုင် ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော် လွတ်လပ်ရေးရရှိနေသော်လည်း သူတစ်ပါးဩဇာခံ ကြိုးဆွဲရာ လုပ်ကိုင်ဆောင်ရွက်နေရလျှင် အချုပ်အခြာအာဏာ ပိုင်ဆိုင်သည်ဟု မဆိုနိုင်ကြောင်း၊ ယနေ့ကာလသည် တိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်မှုကို တစ်ပါးသူလက်သို့ "ဝ"ကွက်အပ်လိုသူများရှိနေသည်ကို သတိပြုရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တစ်ချိန်က တိုင်းပြည်အေးချမ်းသာယာမှုမရှိသဖြင့် ပြည်သူအများခံစားခဲ့ကြရသည့် ဒုက္ခအပေါင်းမှ လွတ်မြောက်စေရေးကို ဦးတည်ပြီး မြန်မာနိုင်ငံနှင့်ဆီလျော်သည့် စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးနေသလို နိုင်ငံသားအားလုံး အသက်ရှင်သန် ရပ်တည်နိုင်ငံရေး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး လိုအပ်ချက်များကို အခြေခံလူ့အခွင့်ရေးများအဖြစ် ရရှိခံစားနိုင်အောင်လည်း စီမံဆောင်ရွက်ပေးနေကြောင်း၊ အခြေခံမခိုင်မာဘဲ စိတ်ထင်ရာ လုပ်နိုင်သည့် အပေါ်ယံလူ့အခွင့်အရေးမျိုးကို ဦးစားပေးဆောင်ရွက်ပါက တိုင်းပြည် ပျက်စီးမည်သာ ဖြစ်ကြောင်း။**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရခြင်းမှာ အနှောင့်အယှက် အဟန့်အတားမရှိ ပန်းခင်းသောလမ်းကို လျှောက်ရခြင်း မဟုတ်ကြောင်း၊ တွေ့ကြုံရသည့် အနှောင့်အယှက် အဟန့်အတားများကိုကျော်လွှားနိုင်ရန် သဘောထားခံယူချက်များရှိဖို့ လိုအပ်ကြောင်း၊ ထို့ကြောင့် အနှောင့်အယှက် အဟန့်အတားပြုနေသည့် အဖျက်သမားများအား တိုက်ဖျက်နိုင်ရန် ပြည်သူ့သဘောထား(၄)ရပ်ကို ချမှတ်ထားခြင်းဖြစ်ကြောင်း၊ မိမိအဖွဲ့အစည်းအတွင်းမှာရော ပြည်သူများအတွင်းမှာပါ စိမ့်ဝင်ပျံ့နှံ့နေအောင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊" စသည်ဖြင့် ထည့်သွင်းမြွက်ကြားခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းလမ်းညွှန် ဩဝါဒများသည် အသင်းဝင်တိုင်း အစဉ်အမြဲ ဦးထိပ်ပန်ဆင် လိုက်နာဆောင်ရွက်သွားကြရမည့် ဩဝါဒများဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းရာတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားမရှိဟု ကျွန်တော်တို့အားလုံး ယုံကြည်ထားပြီးဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပနေပြီဖြစ်ကြောင်း၊ မကြာမီ ပြီးစီးတော့မည့် အမျိုးသားညီလာခံကြီးက ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည့် တစ်လုံးတစ်စည်းသော ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် ပြည်ထောင်စုကြီးအတွင်း၌ ရောနှောပျံ့နှံ့ နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး အကျိုးအတွက် အာမခံနိုင်မည့် ဖွဲ့စည်းပုံအခြေခံမူကြမ်းရေးဆွဲနိုင်ရန် အခြေခံအချက်များ ချမှတ်ပေးနိုင်မည် ဆိုသည်ကို ယုံကြည်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်များ စုံညီစွာဖြင့် ကျင်းပနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) အတည်ပြုရေးတို့အတွက် မိမိတို့အားလုံး ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း၊ မိမိတို့တွင် ကြည်လင်ပြတ်သားသည့် အနာဂတ်ရှိပြီးဖြစ်ကြောင်း၊ ပေါ်ထွန်းလာမည့် အနာဂတ် နိုင်ငံတော်သစ်ကြီးကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပက အဖွဲ့အစည်း အချို့၏ လုပ်ဆောင်မှုများသည် အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ပျက်ပြားအောင် ဆောင်ရွက်နိုင်စွမ်းမရှိဟု မိမိတို့အားလုံး ယုံကြည်ကြောင်း၊ အရာရာကို မကောင်းသည့် အမြင်ဖြင့် ပြစ်တင်ဝေဖန်ပြောဆိုနေမှု၊ တိုင်းတစ်ပါးက မလိုလားသူ အဖွဲ့အစည်းအချို့၏ ဆန္ဒအတိုင်း အလုအယက် တွေ့ဆုံဆွေးနွေးမှု၊ မမှန်သတင်းများ၊ ပုံကြီးချဲ့ သတင်းများ ထုတ်လွှင့်မှု၊ ယုံကြည်ကိုးကွယ်ရာဖြစ်သည့် ဘာသာရေးကိုပင် မရှောင်ဘဲ ဆူပူအုံကြွမှုဖြစ်အောင် ကြိုးပမ်းနေမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးထက် ပုဂ္ဂလိက ထင်ပေါ်ကျော်ကြားလိုမှုနှင့် ရေရှည်မဟုတ်သည့် တဒင်္ဂ အကျိုးအတွက် ဆောင်ရွက်နေခြင်း ဖြစ်သည်ဆိုသည်ကို သိမြင်ကြရန် လိုကြောင်း၊ တိုင်းရင်းသားအားလုံး အမှားနှင့်အမှန်၊ အကျိုးနှင့်အပြစ်၊ အပြုနှင့်အပျက်၊ အတ္တနှင့်ပရ မှန်ကန်စွာ ခွဲခြားသိမြင်ကြသူများ ဖြစ်ကြပါကြောင်း၊ ပကတိဖြစ်ပျက်မှု အခြေအနေများကို အမှန်အတိုင်းသိအောင်ရှင်းလင်းပြောကြားရန်နှင့်နယ်မြေအကျိုးရှိသည့် လုပ်ငန်းများတွင် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ

- **သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ကိုယ်ပိုင် အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး နယ်မြေဒေသအသီးသီးက ပြည်သူများ အကျိုးပိုမိုတိုးတက် ဆောင်ရွက်သွားနိုင်အောင် လေ့လာဆွေးနွေးသွားကြပါ။**
- **နယ်မြေအကျိုး ဆောင်ရွက်ရာတွင် အသင်းကြီး၏ စည်းလုံးညီညွတ်သည့်အားနှင့်သာမကဘဲ မွန်မြတ်သည့်စေတနာမှန်ဖြင့်ဆောင်ရွက်နေကြသည့် အခြားသောလူမှုရေးအသင်းများ အပါအဝင် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်အတွင်း ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ပြည်သူများ သိရှိနားလည်ပြီး မျှော်မှန်း အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက်ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းသွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြားရှိပြီးဖြစ်သည့် စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထာဝစဉ် ရှင်သန်ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖျက်လုပ်ရပ်မှန်သမျှအား အသင်းကြီး၏ စည်းလုံးမှုအား၊ ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တိုက်ဖျက်သွားကြပါ။**
- **တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ပြီးအသင်းကြီး၏ဦးဆောင်မှုကိုခံယူပြီး ပြည်သူများအကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်နိုင်သည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြပါဟု**ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာကျောင်းသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် တိုင်းပညာရေးမှူး ဦးဝင်းဆွေက တနင်္သာရီတိုင်းအတွင်း ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက တနင်္သာရီတိုင်းအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ပြောင်းလဲလာသည့်ကမ္ဘာကြီး၏ အနေအထားအရ လူ့စွမ်းအား အရင်းအမြစ်များ အစွမ်းကုန်တိုးတက်လာစေရန်အတွက် ပညာရေးကို အမျိုးသားပညာရည်မြင့်မားရေး နှစ်တို နှစ်ရှည် စီမံကိန်းများရေးဆွဲပြီး ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းတွေကို အကောင်အထည်ဖော်ရာတွင် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်မည့် ပညာရေးစနစ် ဖြစ်ထွန်းလာရန်ဆိုသည့် ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်နေကြကြောင်း။

နိုင်ငံတော်ရဲ့အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိမိတို့ နိုင်ငံမှာ ပညာရေးဟာ လုံးဝအရင်းခံ အကြောင်းတရားဖြစ်ကြောင်း၊ ဒါကြောင့် ပညာရေးကို မြှင့်တင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ဒီဟာကို တို့မလုပ်နိုင်ဘဲ တခြားဘာမှ စိတ်ကူးလို့ ရနိုင်မှာ မဟုတ်ဘူးဟု အလွန်အဖိုးတန်သည့် စကား မြွက်ကြားခဲ့ဖူးပါကြောင်း။

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အခြေခံပညာကဏ္ဍသည် အလွန်တရာ အရေးပါလှကြောင်း၊ ဒေသတစ်ခုလုံး၏ ပညာရေးတိုးတက်ဖွံ့ဖြိုးမှုကို တိုင်းတာသည့်အခါတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ရာနှုန်း မြင့်မားမှုသည် အချက်တစ်ချက်အနေဖြင့် ထည့်သွင်းစဉ်းစားရကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

တနင်္သာရီတိုင်းသည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုကဏ္ဍ၊ သစ်တောကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ စသည့် ကဏ္ဍများ အစွမ်းကုန် ဖွံ့ဖြိုး တိုးတက်အောင် ကြိုးစားနေသကဲ့သို့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ သာသနာရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အခြားပြည်နယ်၊ တိုင်းများနည်းတူ ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို လေ့လာကြည့်သည့်အခါ တနင်္သာရီတိုင်း၏ အောင်မြင်မှု အခြေအနေသည် အောင်ချက်ရာနှုန်း တိုးတက်အောင်မြင်လာခြင်းကို တွေ့ရှိရသည့် အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရကြောင်း၊ တနင်္သာရီတိုင်း၏ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်းသည် ၄၅ ဒသမ ၁၀ ရာခိုင်နှုန်းရှိခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံး၏ အောင်ချက်ရာနှုန်း ၂၇ ဒသမ ၁၇ ရာခိုင်နှုန်းထက်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၏ အောင်ချက်ရာနှုန်း ၂၇ ဒသမ ၀၂ ရာခိုင်နှုန်းထက်လည်းကောင်း ကျော်လွန်သည်ကိုတွေ့ရသည့်အတွက် အလွန်ပင် ဝမ်းသာဂုဏ်ယူစရာကောင်းလှကြောင်း။

အထူးမှတ်တမ်းတင်

ဆက်လက်ပြီး တနင်္သာရီတိုင်း ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူ မောင်မယ်အားလုံး၏ကြိုးပမ်းအားထုတ်မှုနှင့် မိဘဆရာသမားများ၏ လမ်းညွှန်သင်ကြားပြသမှုများအပေါ် လိုက်နာဆောင်ရွက်နေမှုများကိုလည်း အထူး မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအပါအဝင် အောင်ချက်အကောင်းဆုံး မြို့နယ်ဆု၊ အောင်ချက်အကောင်းဆုံး ကျောင်းဆု၊ ကြိုးစားအားထုတ်မှု အကောင်းဆုံးကျောင်းဆု၊ ခြောက်ဘာသာဂုဏ်ထူးရကျောင်းဆုနှင့် ပံ့ပိုးကူညီသည့် တက္ကသိုလ်များ ဂုဏ်ပြုဆုတို့ကို ငွေကျပ်သိန်း ၃၀၀ခန့် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရှိရသည့်အတွက် အလွန် ဝမ်းသာပါကြောင်း ပြောကြားလိုကြောင်း။

တက်ညီလက်ညီ

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ကို ယခုနှစ်ထက် နိမ့်ကျမသွားဘဲ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းကြပါ။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ တနင်္သာရီတိုင်း အနေဖြင့် ထိပ်တန်းက ပါဝင်သော တိုင်းအဖြစ် ရပ်တည်နိုင်အောင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းကြဖို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အောင်ချက်အကောင်းဆုံး မြို့နယ်ဆုရ မြိတ်မြို့နယ်၊ အောင်ချက် အကောင်းဆုံးကျောင်းဆုရ မြိတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း၊ကြိုးစားအားထုတ်မှုအကောင်း ဆုံးကျောင်းဆုရ ထားဝယ်မြို့နယ် ဟိန္ဒား အခြေခံပညာ အထကတန်း ကျောင်း၊ခြောက်ဘာသာဂုဏ်ထူးရသည့် ကျောင်းဆုရ မြိတ်မြို့အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်း၊ပံ့ပိုးကူညီမှု တက္ကသိုလ်ဆုရ မြိတ် တက္ကသိုလ်တို့ အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ် များ ချီးမြှင့်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့်ဒုတိယပါမောက္ခ ချုပ်တို့က လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ ခြောက်ဘာ သာဂုဏ်ထူးရရှိခဲ့သည့် မြိတ်မြို့အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း မှ မောင်ဝေယံကျော်အား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀နှင့် ဂုဏ်ပြုလက်မှတ် တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်ဦးက မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ ဘာသာရပ်သင်ဆရာဆုရရှိသည့် ဆရာ၊ ဆရာမ ၆၅ ဦးတို့အား ဂုဏ်ပြုဆုငွေ နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ် ချီးမြှင့်ရာ သက်ဆိုင်ရာ မြို့နယ်ပညာ ရေးမှူးများနှင့် ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က လက်ခံကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ငါးဘာသာ ဂုဏ်ထူးရရှိကြသော မြိတ်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများဖြစ်ကြ သည့် မသော်တာစိုး၊ မယဉ်မင်းထွန်း နှင့် မောင်ရဲထက်အောင်၊ မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းမှ မထိုက်ထိုက်ထွန်းတို့အား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေ ကျပ် သုံးသိန်းစီနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေ

ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့် သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်အတူ အခမ်း အနားသို့ တက်ရောက်လာကြသူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ဆုချီးမြှင့်သည့် အခမ်း အနားတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိသူအားငွေကျပ်သိန်း၃၀၊ ငါးဘာသာ ဂုဏ်ထူးရရှိသူများအား ငွေကျပ်သုံး သိန်းစီ၊ လေးဘာသာဂုဏ်ထူးရရှိသူ အား ငွေကျပ်နှစ်သိန်းစီ၊ သုံးဘာသာ ဂုဏ်ထူးရရှိသူအား ငွေကျပ်တစ်သိန်း စီချီးမြှင့်ပြီး အောင်ချက်အကောင်းဆုံး မြို့နယ်ဆုကို ငွေကျပ်ငါးသိန်း၊ အောင် ချက်အကောင်းဆုံးဆုကိုငွေကျပ်ငါးသိန်း၊ ကြိုးစားအားထုတ်မှု အကောင်းဆုံး ကျောင်းဆုကို ငွေကျပ်သုံးသိန်း၊ ပံ့ပိုး ကူညီသည့် တက္ကသိုလ်ဂုဏ်ပြုဆုကို ငွေကျပ်ငါးသိန်းနှင့် ဘာသာရပ်သင် ဆရာဆုကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာလူ့ရွယ် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

မှော်ဘီမြို့နယ် အောက်ဝါးနက် ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန် တောရ ဆေကိန္ဒာရာမကျောင်းတိုက် တွင် အသက် ၁၆နှစ်မှ ၂၅နှစ်အထိ လူငယ်လူရွယ်များအတွက် ယဉ်ကျေး လိမ္မာလူ့ရွယ် တရားစခန်းကို ဩဂုတ် ၁၇ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည်ဖြစ် သည်။

တရားစခန်း ဝင်ရောက်လိုသူများ သည်ဩဂုတ်၁၇ရက်ညနေ၃နာရီအရောက် ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံနှင့်အတူ လာရောက်ကြရမည် ဖြစ်သည်။

စာရင်းသွင်းနိုင်

စခန်းဝင်လိုသူများသည် ဩဂုတ် ၁၄ရက်မှစ၍ ဦးသိန်းဝင်း (ဗိုလ်ချို-၁) ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈ လိုင်းခွဲ (၃၀)၊ ဓာနည် ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဦးမျိုး မြင့်(ပဲခူး) ဖုန်း-၀၅၂-၂၂၁၃၆၊ ဒေါ်မြမြ ဆွေ (နယ်မြို့များ) ဖုန်း-၀၉-၅၀-၂၁၄၈၉နှင့် ဦးဝင်းရွှေ (မှော်ဘီ) ဖုန်း-၆၂၀၅၂၀တို့သို့ ဆက်သွယ်စာရင်းသွင်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ **တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ကမ်းလွန်၌ ဩဂုတ်၁၃ရက်က ယူကရိန်း ကုန်တင်သင်္ဘောတစ်စင်းနှင့် တူရကီ ခရီးသည်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ တူရကီ ခရီးသည်တင်သင်္ဘော ပျက်စီးသွားကြောင်း၊ ခရီးသည် တင် သင်္ဘောပေါ်၌ လူ ၄၅၀ခန့်ပါရှိခဲ့သော်လည်း ၃၀ခန့်သာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ ကမ်းလွန်တွင် ဩဂုတ် ၁၃ ရက်က တူရကီနိုင်ငံမှ ခရီးသည်တင် သင်္ဘောတစ်စင်းနှင့် ယူကရိန်းနိုင်ငံမှ ကုန်တင်သင်္ဘော တစ်စင်းတို့တိုက်မိပြီး ပျက်စီး သွားသော တူရကီခရီးသည်တင် သင်္ဘောကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

❑ ဖိလစ်ပိုင်နိုင်ငံ လူဇန်မြို့ အရှေ့မြောက်ဘက်ကီလိုမီတာ ၁၁၅၀ခန့်အကွာ ပင်လယ်ပြင်၌ မုန်တိုင်းတစ်ခု ဖြစ်ပေါ်လျက်ရှိပြီး ၎င်းမုန်တိုင်းသည် အားကောင်းလာကာ ရက်ပိုင်းအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း ဖိလစ်ပိုင် မိုးလေဝသနှင့်ဇလဗေဒရုံးမှ ဩဂုတ် ၁၃ရက်က သတင်းထုတ်ပြန်သည်။

❑ ***ဂျော်ဒန်နိုင်ငံ အမ္မန်မြို့မြောက်ဘက် ဘာကာအရပ်၌ရှိသော စားသောက်ဆိုင်တစ်ဆိုင်မှ အစားအစာများကို စားသုံးခဲ့ပြီးနောက် ဩဂုတ် ၁၂ရက်က လူပေါင်း ၂၀၆ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံသို့ အလျင်အမြန်တင်ပို့ကာ ဆေးကုသမှုခံယူ နေရကြောင်း ဂျော်ဒန်အာဏာပိုင်များက ဩဂုတ်၁၃ရက်၌ ပြောကြား သည်။***

❑ *ဆီးရီးယားနိုင်ငံ တာဒမောမြို့အနီး၌ ဆီးရီးယားနှင့်ဆွစ်ဇာလန် သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်းတစ်သိန်းခန့်က ရှေးခေတ်လူသားတို့၏အသုံးအဆောင်ပစ္စည်းများဖြစ်သော လက်နက်ကိရိယာများ နှင့် ဓားများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆာနာသတင်းဌာနက ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။*

ဆီးရီးယားနိုင်ငံ တာဒမော မြို့အနီး ရှာဖွေတွေ့ရှိခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်းတစ်သိန်း ခန့်က ရှေးခေတ်လူသားတို့၏ အသုံးအဆောင် လက်နက် ကိရိယာများကို ဩဂုတ် ၁၂ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



❑ **အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ချာမိုရေအိုင်ကြီးအနီးတွင် မြင်းအကောင် ၃၀ သေဆုံးနေပြီး ရေအိုင်အတွင်း၌ ငါး ဒါဇင်ပေါင်းများစွာလည်း သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ထိုသို့ သေဆုံးရမှုမှာ ရေအိုင်ကြီးအတွင်းမှ ရေများကြောင့်ဖြစ်ကြောင်း၊ ပိုမိုတိကျစွာ သိရှိနိုင်ရန် ရေများကို စစ်ဆေးမှုများ ပြုလုပ်နေကြောင်း အီသီယိုးပီးယား သတင်းဌာနက ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။**

❑ ဗီယက်နမ်နိုင်ငံသည် ၂၀၀၈ခုနှစ် မယ်စကြာဝဠာပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် ရေပန်းအစားဆုံး ဖြစ်နေကြောင်း ဗီယက်နမ်နိုင်ငံနောက်မှ စပိန်၊ ဂျပန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) တို့ ရှိနေကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❑ ***နီပေါနိုင်ငံအနောက်ပိုင်း ဘိုင်တာဒီခရိုင်ရှိ ဆာကွတ်ကျေးရွာတွင် ဩဂုတ် ၁၂ရက်က မြေပြိုမှုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း နီပေါမီဒီယာများက ဖော်ပြသည်။***

❑ *နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ စေလွှတ်ထားသော အင်ဒီဗားအာကာသယာဉ်ခရီးစဉ်အား နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ပြင်ဆင်မှုများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မူလသတ်မှတ်ထားသော ၁၁ရက်ခရီးမှ ၁၄ရက်ခရီးအထိ ရက်တိုးချဲ့နေထိုင်ရန် နာဆာအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။*

(အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ပူဇော်မြတ်နိုး ကိုးခြောက်ကိုး တရားတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၇:၅၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ Sunday Talk
၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္စာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း) (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၉:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ အကျိုးပြုအဏုဇီဝပိုး (Effective Microorgamism)
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၀:၄၅ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ စားကောင်းမယ့် ထမင်းတစ်လုတ်
၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ Music Gallery မြို့မ Live Show VCD အမှတ်(၂)
၁၂:၂၅ MR & MS Quench ကာယဗလ မောင်မယ်ပြိုင်ပွဲ
၁၂:၄၀ တေးဂီတအစီအစဉ်
၁၂:၄၅ Yangon Panorama HELLO Make-Up Hair Style ရဲ့ (၁၈) နှစ်ပြည့် အခမ်းအနားနှင့် Reflexology ဆိုင်သစ် ဖွင့်ပွဲအခမ်းအနား
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Tottenham-Everton	ESPN (Live)

(၁၄)ကြိမ်မြောက် စင်ကာပူနိုင်ငံသားများအသင်း Charity Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

စင်ကာပူနိုင်ငံသားများအသင်း(မြန်မာ) (Singapore Association of Myanmar) က ကြီးမှူး ကျင်းပသော (၁၄)ကြိမ်မြောက် (Charity Golf Tournament) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ကျင်းပပြီး ဆုပေးပွဲနှင့် ညစာစားပွဲကို ယင်းနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စင်ကာပူနိုင်ငံသားများအသင်း (မြန်မာ)အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီး၌ Division(A) ပြိုင်ပွဲတွင် ဇော်ဝင်းနိုင်က ပထမ၊ Mr.Wichart က ဒုတိယ၊ ကျော်ပိုင်က တတိယရရှိသွားကြသည်။ Division (B) ပြိုင်ပွဲတွင် Mr. Chaing Puatsoon က ပထမ၊ Mr. Sigi Bierbaumer က ဒုတိယ၊ Mr. Willian Chew က တတိယ ရရှိသွားကြသည်။

Ladies Divsion ပြိုင်ပွဲတွင် Ms. Danathorn က ပထမ ရရှိပြီး၊ Ms. Angeline Tun က ဒုတိယ ရရှိသွားသည်။

တက်ရောက်

ဆုပေးပွဲနှင့် ညစာစားပွဲ အခမ်းအနားကို Traders Hotel ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိ ပုဂ္ဂိုလ်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်းသွားမည်

ဆက်လက်၍ စင်ကာပူနိုင်ငံသားများအသင်း (မြန်မာ)က ငွေကျပ် ၅၀၀၀၀၀စီတန်ဖိုးရှိသော ပစ္စည်းများကို အောင်ပရဟိတ ပရိယတ္တိကျောင်း၊ St.August Church Youth Group နှင့် မေရီချက်မင်း ဆွံ့အ နားမကြားကျောင်းတို့ကို ပေးအပ် လှူဒါန်းပြီး ရန်ကုန် အထွေထွေရောဂါကု ဆေးရုံကြီးသို့ ငွေကျပ်သုံးသိန်းခွဲ တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်း၍ ကျန်ရှိနေသော အလှူငွေများကို အခြားပရဟိတ လုပ်ငန်းများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် (Charity Golf Tournament) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် အထူးဧည့်သည်များအား တွေ့ရစဉ်။

(စင်ကာပူနိုင်ငံသားများအသင်း)

ရွှေစည်းခုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဩဂုတ် ၁၃

သမိုင်းဝင်ရှေးဟောင်း ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၁၇ရက်မှ ဒီဇင်ဘာ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်ခန်း ဆောက်လုပ်လိုသူများသည် ချိပ်ပိတ်တင်ဒါကို ဂေါပကအဖွဲ့ရုံးသို့ စက်တင်ဘာ၇ရက် ညနေ ၄နာရီ နောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပြီး စက်တင်ဘာ၁၂ရက် နံနက် ၁၀နာရီတွင် ချိပ်ပိတ်တင်ဒါ ဖွင့်မည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ရွှေ စည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး ဖုန်း–၀၆၁–၆၀၈၂၅သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံစည်ပင်မှ ကျေးလက်လမ်းများ ပြုပြင်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၁၃

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက် လမ်းများ စဉ်ဆက် မပြတ်ကောင်းမွန်၍ ပြည်သူလူထု စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်က အင်ဂျင်နီယာမှူး ဦးကျော်သူအောင်သည် လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်း၊ ရပ်မိရပ်ဖများနှင့်အတူ ဇီးပင်ကန်ကျေးရွာအဝင် လမ်းကျောက်ချောခင်းရန် ကျောက်စုဆောင်းထားရှိမှုနှင့် ကျေးလက်လမ်းပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများအား ကွင်းဆင်း စစ်ဆေးခဲ့သည်။ အဆိုပါလမ်းမှာ အရှည်ပေ ၃၂၅၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၅သိန်းဖြင့် ပြုပြင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

သမထဝိပဿနာ ကိုယ်တွေ့ကျင့်စဉ်တရားပွဲ

ရန်ကုန် ဩဂုတ် ၁၃

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဟောကြားပို့ချပေးနေသော ဒလအံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် ဩဂုတ် ၁၅ရက်မှ ၂၁ ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် စက်တင်ဘာ ၁ ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် စက်တင်ဘာ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိလည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁း၃၀နာရီအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၂ စင်တီမီတာသို့ ရောက်ရှိနေပြီး၊ စိုးရိမ်ရေမှတ်အထက်၌ နှစ်စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

လှုပ်လှုပ်ရှားရှား မြန်မာ့အားကစားသတင်းမှ အဆက်

● ကျောဖုံးမှ

(၃၉)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ လက်ရှိချန်ပီယံ မြန်မာ၊ အိမ်ရှင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် လာအို၊ အာဖရိကမှ လီဆိုသိုနှင့်ဇင်ဘာဘွေ၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စုရေးဆွဲထားမှုအရ အုပ်စု(က)တွင် မြန်မာ၊ မလေးရှား၊ လီဆိုသိုနှင့်လာအို၊ အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဇင်ဘာဘွေနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ကြသည်။

မူလပွဲစဉ်တွင် မြန်မာအသင်း ပါဝင်သော အုပ်စု(က)၌ ဘင်္ဂလားဒေ့ရှ်အသင်း ပါဝင်ခဲ့ပြီး ပွဲစဉ်အသစ်၌ ဘင်္ဂလားဒေ့ရှ်အသင်းအား အုပ်စု(ခ)သို့ ပြောင်းလဲနေရာချထားပြီး လာအိုအသင်းကို အုပ်စု(က)၌ ထည့်သွင်း နေရာချထားလိုက်၍ လက်ရှိချန်ပီယံ မြန်မာအသင်းအတွက် အုပ်စုအနေအထား ပိုမိုကောင်းမွန်သွားသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၂၀ ရက်တွင် မြန်မာနှင့် လီဆိုသို၊ ဩဂုတ်၂၂ရက်တွင် မြန်မာနှင့် မလေးရှား၊ ဩဂုတ် ၂၅ရက်တွင် မြန်မာနှင့် လာအိုတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၁၈ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

❐ ကျောဖုံးမှ

ကွာတားဖိုင်နယ်ပွဲစဉ်များ ရေးဆွဲထားမှုအရ ဩဂုတ် ၁၄ရက် (ယနေ့) **တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်း၊ ဩဂုတ် ၁၅ ရက်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ ဩဂုတ် ၁၆ ရက်တွင် အားကစားဝန်ကြီးဌာန အသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအသင်း၊ ဩဂုတ်၁၇ရက်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားကြရမည် ဖြစ်သည်။**

မလေးရှားဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ငွေနှင့်ကြေးတံဆိပ်ရရှိ

မလေးရှားနိုင်ငံရှိမြို့ငါးမြို့၌ ကျင်းပခဲ့သော မလေးရှား ဂရင်းပရီ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည်။

မလေးရှားနိုင်ငံ Kuantan မြို့၌ ကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် မလေးရှား(က)အသင်းနှင့် တရုတ်အသင်းတို့ကို နှစ်ပွဲပြတ်စီဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့က မလေးရှား(ခ)အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့် လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့က ဂျပန်အသင်းကို နှစ်ပွဲ–ပွဲမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲ တွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့နှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိသွား၍ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ဒုတိယ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ကြေးတံဆိပ်တစ်ခုကို ပီနန်မြို့၌ ကျင်းပ သောပြိုင်ပွဲ၌ ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် လျိုဟိုး၊ ကွာလာလမ်ပူနှင့် ပီရက်မြို့များ၌ ကျင်းပသော ပြိုင်ပွဲများတွင် ကွာတားဖိုင်နယ်အထိသာ တက်ရောက်နိုင်ခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဗိုလ်ကြီးကျော်ဇင်မိုး(အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် ကျော်သီဟဦး၊ ဇင်မောင်၊ ဥက္ကာစိုး၊ ဇော်ဇော်အောင်(၁)နှင့် သန်းထိုက်တို့ ပါဝင်ခဲ့ကြသည်။

အာဆီယံ(ယူ–၁၇)ဘောလုံးပြိုင်ပွဲ မြန်မာဒိုင်နှစ်ဦး တာဝန်ပေးအပ်ခြင်းခံရ

ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ်၁၉ရက်မှ စက်တင်ဘာ ၁ရက်အထိကျင်းပမည့် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီးတာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ကွင်းလယ်ဒိုင်လူကြီး ဦးထွန်းရှင်(ကာကွယ်ရေး)နှင့် အပြည်ပြည်ဆိုင်ရာ အကူဒိုင်လူကြီး ဦးခင်မောင်မြင့်(ကာကွယ်ရေး)တို့အား အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ရွေးချယ် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးနှစ်ဦးသည် မြန်မာ(ယူ–၁၇) ဘောလုံးအသင်းထက် တစ်ရက်ကြိုတင်၍ ဩဂုတ် ၁၆ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

အဝလွန်မှုလျှော့ချရေး လေ့ကျင့်ခန်းနှင့်ဓာတ်စာအရေးပါ

လန်ဒန် ဩဂုတ် ၁၃

အဝလွန်သူများသည် သူတို့စားသုံးသည့် သကြားဓာတ်ပမာဏကို လျှော့ပေါ့တွက်ဆပြောဆိုတတ်ကြသဖြင့် ၎င်းတို့ပြောပြချက်မှာ စူးစမ်းလေ့လာ၍ အမှန်မရနိုင်ကြောင်း ဗြိတိသျှသုတေသီများက ပြောဆိုသည်။

မြန်မာ့အလင်း

အင်တာနက် ကျန်းမာရေး

တီထွင်

သို့သော် ၎င်းတို့အနေဖြင့် သကြားမည်မျှ စားသုံးထားသည်ကို သိရှိနိုင်သော ဆီးကိုစစ်ဆေးသည့် နည်းလမ်းကို သုတေသီများက ပထမဆုံးအကြိမ် တီထွင်လိုက်သည်။



သကြားဓာတ်

ရာပေါင်းများစွာသော အဝလွန်သူတို့ကိုလေ့လာရာတွင် ၎င်းတို့ပါးစပ်မှပြောသည့် သကြားဓာတ်ပမာဏနှင့် ဆီးစစ်ဆေးနည်းအရ တွေ့ရသည့် ပမာဏတို့ကို သုတေသီများက ချိန်ထိုးကြည့်သည့်အခါ အဝလွန်သူများသည် ၎င်းတို့စားထားသည့် သကြားဓာတ်ပမာဏကို မှန်မှန်ကန်ကန်ပြောမပြနိုင်ကြောင်း တွေ့ရသည်ဟု ကင်းဘရစ်ချ်တက္ကသိုလ်မှ ပါမောက္ခရှီလာဘင်ဂမ်က ပြောဆိုသည်။

နှစ်မျိုးစလုံး

အဝလွန်ခြင်းအန္တရာယ်ကို မိမိတို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုလျှင် လေ့ကျင့်ခန်းနှင့် ဓာတ်စာနှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုလိုက်သည်။

မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရည်ချွန်ဆုချီးမြှင့်

ဘီးလင်း ဩဂုတ် ၅

ဘီးလင်းမြို့နယ် တောင်စွန်းစံပြကျေးရွာ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ၂၀၀၆– ၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက် မွန်းတည့် ၁၂ နာရီက အဆိုပါလူငယ် စောင့်ရှောက်ရေးဌာန၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(လူငယ်စောင့်ရှောက်ရေးဌာန) ကျောင်းအုပ် ဆရာတော်ဦးဇဋိလက ပညာရည်ချွန်ဆုပေးပွဲနှင့် ယဉ်ကျေးမှု စာမေးပွဲ၊ ဝိုင်အမ်ဘီအေ မင်္ဂလာစာမေးပွဲအောင် ဆုနှင်း သဘင်ဆုချီးမြှင့်ပွဲ အခမ်းအနား နှစ်စဉ်ကျင်းပမှုနှင့် ဆုနှင်း သဘင်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်း မိန့်ကြားသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

ထို့နောက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ကြွရောက်လာကြသည့် ဆရာတော်ကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသောကလေးများ ကြည့်ရှုအားပေး ကလေးဆေးရုံကြီးသို့ ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မန္တလေးကလေးဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်း များ လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၃၁ရက် နံနက်၉နာရီက မန္တလေးကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ကလေး ဆေးရုံကြီး ပါမောက္ခဌာနမှူး ဒေါက်တာ မေသက်ခင်က ဆေးရုံ၏ လက်ရှိ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ဆေးနှင့် ဆေးပစ္စည်းများပေးအပ်လှူဒါန်းရာကလေး ဆေးရုံအုပ်ကြီးဒေါက်တာ မြင့်မြင့်သိန်း က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ သည် ဆေးရုံအတွင်းသို့ လှည့်လည် ကြည့်ရှု၍ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသော ကလေးငယ်များအား ကြည့်ရှုအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

တက်ရောက်

ယင်းနောက် မန္တလေးတိုင်း မိခင် နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး သို့ သွားရောက်ကြပြီး မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများ၏ ခရီးစဉ် တွင် ညွှန်းပို့လူနာများ ဆေးဝါးကုသရန် ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်ကြသည်။

ထို့နောက် မန္တလေးဗဟိုအမျိုး သမီးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းတင်ထွန်းက ဆေးရုံ ၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေ အနေများကိုရှင်းလင်းတင်ပြပြီးမန္တလေး တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆေးရုံ အုပ်ကြီးက လက်ခံယူခဲ့ကြောင်းသတင်း ရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရေချိုငါးလုပ်ငန်း ပညာပေးဟောပြော

မြန်အောင် ဩဂုတ် ၅

ဟသ်ာတခရိုင် မြန်အောင်မြို့နယ် ကျူတောကျေးရွာ အုပ်စု သရက်ပင်ဆယ်ရွာတွင် ဇူလိုင်၁၄ရက်က ရေချိုငါး လုပ်ငန်း ပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပရာ ဟသ်ာတ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းနှင့် မြန်အောင် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်တို့က ရေချိုငါး လုပ်ငန်း ရည်ရွယ်ချက်များ၊ ရေချိုငါးလုပ်ငန်းဥပဒေများ၊ ငါးရစ်ငါးသန်ရာသီကာလအတွင်း ငါးဖမ်းဆီးခြင်းမပြုရန်၊ ဘက်ထရီလျှပ်ရိုက် ငါးဖမ်းနည်း၊ အဆိပ်ဆေးချငါးဖမ်းနည်း များ မပြုလုပ်ရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် အင်းများအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန်တို့ကို ဆွေးနွေး ဟောပြောကြပြီး ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးလုပ်ငန်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ် အတွင်း ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သည့် စိုင်ဂေါင်း–ရပ်သစ် ကျေးလက်လမ်း မြေနီဂဝံခင်း ပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်စိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးဆိုင် များတွင် အိုင်အိုဒင်းဆားပါဝင်သောဆားများ ရောင်းချမှုရှိ၊မရှိကို ဇူလိုင် ၄ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းဆင့်နှင့်အဖွဲ့ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ယင်းမာပင်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ယင်းမာပင် ဩဂုတ် ၂

မုံရွာခရိုင် ယင်းမာပင် မြို့နယ် ယမား တံတားအနီး မိုင်တိုင်အမှတ် (၁/၆)၌ ဇူလိုင်၂၃ရက်ကကြက်ဆူပင် စိုက်ပျိုးပွဲ ကျင်းပရာ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးဝင်းကြည်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအတွင်း ရေးမှူးဦးဝင်းကြည်က ကြက်ဆူ ပင်များ စိုက်ပျိုးပေးပြီး တက် ရောက်လာကြသော တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြက် ဆူပင်များ စုပေါင်းစိုက်ပျိုး ကြရာ တိုင်းအတွင်းရေးမှူးနှင့် အဖွဲ့က လှည့်လည်ကြည့်ရှု အားပေးကြသည်။

ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲတွင် ကြက်ဆူပင် ပေါင်း ၄၈၀၀စိုက်ပျိုးခဲ့ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဇူလိုင် ၅ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လမ်းမတော်လမ်းမလမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော် ရှင်းလင်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(သန့်)ဦးမျိုးဇော်ထွန်း ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြစ်မှုဆိုင်ရာ ပညာပေးဟောပြောပွဲ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဩဂုတ် ၁၀

ပြစ်မှုဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၇ရက် မွန်းလွဲ ၂နာရီက ကျောက်မဲမြို့နယ် မေတ္တာမွန်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးမြင့်ဝင်းက ပြစ်မှုဆိုင်ရာအကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမောင်မောင်က အမျိုးသမီးများအပေါ်၌ ပြစ်မှုကျူးလွန်လေ့ ရှိသော မှုခင်းများအကြောင်းကိုလည်းကောင်း၊ ရဲအုပ်သန်းထွန်းက မှုခင်းကျဆင်း ရေးအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ပန်းအလှပင်စိုက်ပျိုး

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှု ဖြင့် မြို့သာယာလှပရေးအတွက် ချယ်ရီလမ်း အလှခုံ တည်ဆောက် ခြင်း၊ မြို့နယ်ခန်းမရှေ့ ပန်းအလှခုံနှင့် အုတ်လှေကား တည်ဆောက်ခြင်း၊ အရိပ်ရအပင်မျိုးစုံနှင့် ပန်းအလှပင် စိုက်ပျိုးခြင်းတို့ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။

(ခရိုင် ပြန်/ဆက်)

14-8 (15) 1 8/14/07, 2:15 AM

ဒေါ်ကျင်မိအား ရည်စူး၍ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း ဗိုလ်မြတ်ထွန်းအိမ် ရာ တိုက် ၂၁၆/၂၂၂ အခန်း စီ–၆နေ ဦးကျင်စိန်နှင့်သားသမီးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အုတ်ခုံခံတံတားများ ရေဦးမြို့၌ ပြုလုပ်

ရေဦး ဩဂုတ် ၅

ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် တံတားများနှင့် ရေနုတ်မြောင်းများကို စီမံချက်ရေးဆွဲ၍ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ခင်ထားမြင့် ကြီးကြပ် ဆောင်ရွက်သော အောင်ချမ်းသာ ရပ်ကွက်အတွင်း ပိတောက်လမ်းထိပ် အုတ်ခုံခံကွန်ကရစ်တံတားနှင့် တိုးချဲ့(၁၂)မူလတန်းကျောင်းလမ်း အုတ်ခုံခံသစ်သားတံတား ပြုလုပ်ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်နှင့် အောင်ချမ်းသာရပ်ကွက် ဥက္ကဋ္ဌဦးမြင့်သိန်းတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မန္တလေးမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ပြင်ဦးလွင်မြို့ အနီးစခန်းနေ အဖ ဦးချစ်ဆောင်–အမိ ဒေါ်သီ(တောင်သာနယ် အုတ်ဖို)တို့အား ရည်စူး၍ သားသမီးများဖြစ်ကြသည့် ဒေါ်စန်းစန်းချစ်၊ ဒေါ်ပြုံးပြုံးချစ်၊ ဦးကျော်နိုင်မြင့်၊ ဦးကျော်ဝေမြင့်၊ဒေါ်သန္တာချစ် မောင်နှမတစ်စုနှင့် မြေးများဖြစ်ကြသည့် မအေးသီဂီ၊မရတနာထွန်းတို့က ကျောင်းအလှူငွေကျပ် ၂၅သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဆရာတော် ဦးဥက္ကံသ Ph.D (Thesis) ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပေါင်မြို့ မုတ္တမကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်
စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ပေါင် ဇူလိုင် ၃၀

ပေါင်မြို့နယ် မုတ္တမကျေးရွာ ပညာဝတ်ရည်အလင်းပြခွဲ (၁၃)စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၉နာရီ က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မုတ္တမကျေးရွာ ရေးစုလမ်းသစ် ပညာဝတ်ရည် စာကြည့်တိုက်အဆောက်အအုံသစ်ကို မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သုတ၊ ရသ စာအုပ်မျိုးစုံနှင့် အလှူငွေကျပ်တစ်သောင်းကို စခန်းမှူး ခင်ညို နှင့်ဇနီး ဒေါ်ဝင်းသီတာတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးကလက်ခံယူပြီး ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော စာအုပ်နှင့် ဂျာနယ်မျိုးစုံ ၃၁၁အုပ်ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၂၉ရက်က ရွှေကျင်မြို့ ဈေးသန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးဝင်းလှိုင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သိန်းနီမြို့၌ စက်ရေတွင်းတူးဖော်

သိန်းနီ ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးရေးလုပ်ငန်းအဖြစ် ရေပူ(နမ့်အွန်)ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခဲ့သည်။

တူးဖော်

အဆိုပါ ကျေးလက်သောက်သုံးရေ ပေးရေးဖြစ်သော စက်ရေတွင်းတူးဖော်မှုနှင့် ရေစက်ရုံရေကန် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စိုးစိုးထွဏ်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် သတင်းများ

လှိုင်းဘွဲ၌ တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

လှိုင်းဘွဲ ဩဂုတ် ၈

လှိုင်းဘွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကတောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကိုဇူလိုင်၂၁ရက်မှ ၂၃ရက်အထိ ကျင်းပရာ လှိုင်းဘွဲ မြို့နယ်၊ ဒိုင်းပြ၊ ကွယ်တာ၊ ရွှေဂွန်း၊ ကမော့ကချုး၊ ဝင်းစိန်၊ ပိုင်ကျုံနှင့် ကစိုပတ်ကျော ကျေးရွာအုပ်စုများရှိ တောင်သူလယ်သမားများအား ငွေကျပ် သိန်း၂၀၀ကို တစ်ဦးချင်း ထုတ်ချေးပေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောလင်းခင်နှင့် အသင်းဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအုပ်စုအသီးသီးရှိ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်တွင်းကြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

တောင်တွင်းကြီး ဩဂုတ် ၅

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ အသင်းသူ အသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ စုစုပေါင်းအင်အား ၁၀၀ ကျော်တက်ရောက်၍ ပင့်သံဃာသုံးပါးအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ဟံသာဝတီလမ်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဇူလိုင်၂၄ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ချောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး
တိုင်းရင်းဆေးပညာဆင့်ပွား သင်တန်းများဖွင့်

ချောက် ဩဂုတ် ၁၀

ချောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဆယ်အိမ်စုမှူး သင်တန်းနှင့် တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းကို ဩဂုတ် ၅ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့် အဖွဲ့ဝင်များ၊တွင်းလပ်နှင့်ပခန်းဝယ်တိုက်နယ်မှ ကျေးရွာ၁၉အုပ်စုမှ တစ်အုပ်စုလျှင် လေးဦးနှုန်းဖြင့် သင်တန်းသူ ၇၆ဦး တက်ရောက်ကြသည်။

ပို့ချ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟက အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးက ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မောင်တောခရိုင် မောင်တောမြို့ အလိုတော်ပြည့် ပရဟိတ ဘုန်းတော်ကြီးကျောင်း၌ မိုးရာသီ အခြေခံအဆင့်မြင့် မြန်မာ့သိုင်းအားကစား သင်တန်းဆင်းပွဲကို ဇူလိုင် ၁ရက်ကကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဌေးက သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်း၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဩဂုတ် ၈

အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် ၅/၂၀၀၇ ဖွင့်ပွဲကို ဩဂုတ်၃ရက်မွန်းလွဲ၁နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးနှင့် အမှုဆောင်များ၊ မြို့မရပ်ကွက်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စက်ချုပ်သင်တန်းနည်းပြဆရာများနှင့် စက်ချုပ် သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခြေခံစက်ချုပ် သင်တန်းသို့ မြို့မရပ်ကွက်များမှ စက်ချုပ်သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။(၀၉၇)

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံပညာကဏ္ဍ အလွန်အရေးပါ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးတည်ဆောက်ရေး တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဩဂုတ် ၁၂ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းမှ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းနှင့် မြို့နယ်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်း ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ပြသည် ရန်ကုန် ဩဂုတ် ၁၃

မာဒေးကားဖလား အုပ်စုပွဲစဉ်အသစ် ထုတ်ပြန် ယူဂန္ဓာအစား အရှေ့တောင်အာရှမှ လာအိုပါဝင်လာ မြန်မာအသင်းအတွက် အုပ်စုအနေအထား ကောင်းမွန်သွား

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အသစ်ကို ဩဂုတ် ၁၀ ရက်က ရေးဆွဲထုတ်ပြန်လိုက်သည်။

အသစ်ရေးဆွဲထုတ်ပြန်လိုက်သည့် အုပ်စုပွဲစဉ်တွင် အာဖရိကမှ ယူဂန္ဓာအသင်း မပါဝင်သော်လည်း အရှေ့တောင်အာရှမှ လာအိုအသင်း ပါဝင်လာ၍ မူလအတိုင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်ခုခွဲ၍ အုပ်စုပတ်လည် ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရရှိသော အသင်းများ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့စတင်ယှဉ်ပြိုင်မည်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်မှစတင်၍ နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ဩဂုတ် ၁၁ ရက်က ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကွာတားဖိုင်နယ်

ရှုံးထွက်ပွဲစဉ်များကို ဩဂုတ် ၁၄ ရက် (ယနေ့) **ညနေပိုင်းမှ စတင်၍ ဩဂုတ် ၁၇ရက်အထိ နေပြည်တော် ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။**

ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုစီမှ ပထမနှင့်ဒုတိယရရှိကြသော စုစုပေါင်းရှစ်သင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၃* ❒

ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပြေးခုန်ပစ် လူရွေးပွဲ သုဝဏ္ဏကွင်း၌ ကျင်းပ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြေးခုန်ပစ်လူရွေးပွဲကို ဩဂုတ် ၁ ရက်၊ ၄ ရက်၊ ၈ ရက်နှင့် ၁၁ ရက်တို့က ရန်ကုန်မြို့ လှိုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပြေးခုန်ပစ် လက်ရွေးစင် အားကစားသမားများ ရွေးချယ်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲများ၊ တုတ်ထောက်ခုန်၊ အလျားခုန် ၊ ကီလိုမီတာ ၂၀ လမ်းလျှောက်နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများ ပါဝင်ခဲ့သည်။

ထိုသို့လူရွေးရာတွင် စံချိန်တည်ငြိမ်မှုရှိစေရန် ပြိုင်ပွဲအမျိုးအစား တစ်ခုလျှင် နှစ်ကြိမ်ယှဉ်ပြိုင်စေပြီး (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ တတိယစံချိန် ရရှိသူများကိုသာ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကြိုးစားအားထုတ်မှု အကောင်းဆုံးကျောင်းဆုရ ထားဝယ်မြို့နယ် ဟိန္ဒား အခြေခံပညာအထက်တန်းကျောင်းအတွက် ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး